# မြဝတီ နေ့စဉ်

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှမြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၃၅)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်
၂၀၂၅ ခုနှစ်၊ မတ် ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့


## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေ့ရောညဥ့်ပါ အခါခပ်သိမ်း မေတ္တာတရား ပွားများခြင်း၌ မွေ့လျော်သောစိတ်ရှိကုန်သော မြတ်စွာဘုရား၏တပည့်တို့သည် အခါခပ်သိမ်း တရားမှန်ကို သိကုန်၏။

ဓမ္မပဒ

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်ရေးလုပ်ငန်းများတွင် မွန်ပြည်နယ်နှင့် မွန်တိုင်းရင်းသားများနှင့်အတူ တိုင်းရင်းသားပြည်သူအားလုံးတို့က မိမိတို့ကျရာကဏ္ဍအလိုက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကိုအခြေခံကာ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်

### (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၅ ခုနှစ်၊ မတ်လ ၁၉ ရက်)

**ချစ်ကြည်လေးစားအပ်ပါသော မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့ ၂၀၂၅ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင်ကျရောက်သည့် (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ နေ့ထူးနေ့မြတ်၌ မွန်ပြည်နယ်နှင့် ဒေသအသီးသီးရှိ မွန်တိုင်းရင်းသားသွေးချင်းညီအစ်ကို မောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်းနှင့် ကောင်းကျိုးလိုအင်ဆန္ဒများပြည့်ဝကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မွန်တိုင်းရင်းသားများသည် မြန်မာနိုင်ငံအတွင်းသို့ အစောဆုံးရောက်ရှိနေထိုင်ခဲ့သော လူမျိုးများတွင် ပါဝင်ပြီး ယဉ်ကျေးမှုနှင့်ဗုဒ္ဓဘာသာကို ဦးဦးဖျားဖျားရရှိခဲ့ကြောင်း ရှေးဟောင်းမွန်ကျောက်စာများနှင့် စာပေအထောက်အထားများစွာမှ သက်သေခံလျက်ရှိပါသည်။

စာမျက်နှာ ၅ သို့ ★

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး မွန်ပြည်နယ်နေ့အထိမ်းအမှတ်ပြခန်းများ၊ MSME ဒေသထွက်ကုန်နှင့် ရိုးရာအစားအစာအရောင်းပြခန်းများ ဖွင့်ပွဲအခမ်းအနားတက်ရောက်

မော်လမြိုင် မတ် ၁၈

၂၀၂၅ ခုနှစ် မတ်လ ၁၉ ရက်တွင် ကျရောက်မည့် (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားသို့တက်ရောက်ရန်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊

စာမျက်နှာ ၁၁ ကော်လံ ၁ ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး မွန်ပြည်နယ်နေ့အထိမ်းအမှတ်ပြခန်းများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့အင်္ဂလိပ်စာ ဘာသာရပ်အား ဆက်လက်ဖြေဆို

စာ - ၁၆ သို့

ကျောင်းသားလူငယ်များ နွေရာသီအားကစား အခြေခံသင်တန်းများတွင် ပါဝင်တက်ရောက်ရေး ဝိုင်းဝန်းကြိုးပမ်းပေး

ဆောင်းပါး စာ - ၁၃ သို့




## အယ်ဒီတာ့အာဘော် (၂၀၂၅ ခုနှစ်၊ မတ် ၁၉ ရက်)

# ဖွံ့ဖြိုးတိုးတက်သာယာလှပသော မွန်ပြည်နယ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူများ၏လိုလားချက်နှင့်အညီ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားရာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့်နိုင်ငံအဖြစ်သို့ရောက်ရှိရန် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသည့် ရဟန်းရှင်လူပြည်သူအပေါင်းတို့သည် စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်းရှိခြင်း၊ တရားဥပဒေကိုလေးစားလိုက်နာခြင်းတို့ဖြင့် ဒီမိုကရေစီတည်ဆောက်ရေးတွင် ပါဝင်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် တိုင်းဒေသကြီးနှင့်ပြည်နယ်များ ပေါင်းစုဖွဲ့စည်းထားသည့်ပြည်ထောင်စုနိုင်ငံဖြစ်သည်။ အဆိုပါတိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မွန်ပြည်နယ်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

မွန်ပြည်နယ်၏သမိုင်းကြောင်းကိုလေ့လာကြည့်ပါက မွန်ပြည်နယ်ဟုသတ်မှတ်ခေါ်ဝေါ်ခြင်းမပြုမီ ယခင်က မွန်ပြည်နယ်၏နယ်မြေများဖြစ်သည့် မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့ကို တနင်္သာရီတိုင်းအမှတ် (၁) အဖြစ်လည်းကောင်း၊ ထားဝယ်ခရိုင်နှင့်မြိတ်ခရိုင်တို့ကို တနင်္သာရီတိုင်းအမှတ်(၂)အဖြစ်လည်းကောင်း သတ်မှတ်ဖွဲ့စည်းထားခဲ့သည်။ ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တနင်္သာရီတိုင်းအမှတ်(၁)အား မွန်ပြည်နယ်အဖြစ် ကမ္ပည်းတင်ရေးထိုးခဲ့သည့်နေ့ရက်မှာ မတ်လ ၁၉ ရက်ဖြစ်သည်။ အဆိုပါမတ်လ ၁၉ ရက်ကို မွန်ပြည်နယ်နေ့အဖြစ်သတ်မှတ်ခဲ့ရာ ၂၀၂၅ ခုနှစ် မတ်လ ၁၉ ရက်တွင် (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့သို့ရောက်ရှိပြီဖြစ်သည်။

မွန်ပြည်နယ်သည် ရာသီဥတုကောင်းမွန်မျှတပြီး တောတောင်မြစ်ချောင်းများ၊ စိမ်းလန်းစိုပြည်သော သစ်တောများ၊ သမိုင်းယဉ်ကျေးမှုအမွေအနှစ်များရှိသည့်ပြည်နယ်ဖြစ်သည်။ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းနှင့်ထိစပ်လျက်ရှိသည့်အတွက် မြေသယံဇာတ၊ ရေသယံဇာတများ၊ စက်မှုကုန်ကြမ်းထွက်ကုန်များကြွယ်ဝပြီးဂုဏ်ယူဖွယ်ရာသာယာလှသည့်ပြည်နယ်တစ်ခုဖြစ်သည်။ မွန်ပြည်နယ်သည် ပထဝီအနေအထားအရ နိုင်ငံ၏တောင်ဘက်၊ တနင်္သာရီကမ်းမြောင်ဒေသ၏မြောက်ပိုင်းတွင်တည်ရှိသည်။ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဘင်္ဂလားပင်လယ်အော်၊ မုတ္တမကွေ့၊ ထိုင်းနိုင်ငံတို့နှင့် ဆက်စပ်လျက်ရှိပြီး ရေလမ်း၊ ကုန်းလမ်းဆုံရာ အချက်အချာနေရာတွင်တည်ရှိသည်။

ယခင်က သံလွင်မြစ်ပေါ်တွင် မြစ်ကူးတံတားကြီးတည်ဆောက်ထားခြင်းမရှိခဲ့သည့်အတွက် မုတ္တမနှင့် မော်လမြိုင်ကို ခက်ခဲစွာကူးသန်းခဲ့ကြရသည်။ တပ်မတော်က နိုင်ငံတော်ကိုဦးဆောင်ခဲ့သည့်အချိန်၌ အလွန်ကျယ်ပြန့်ခက်ခဲလှသောသံလွင်မြစ်ပေါ်တွင် မြစ်ကူးတံတားကြီးတည်ဆောက်ပေးခဲ့သည့်အတွက် ပြည်သူများအချိန်တိုတိုနှင့်လွယ်ကူစွာသွားလာနိုင်ကြပြီဖြစ်သည်။ သံလွင်တံတား(မော်လမြိုင်)နှင့် သံလွင်တံတား(ချောင်းဆုံ)တို့အပါအဝင် မွန်ပြည်နယ်တွင် ပေ ၃၀၀ အထက် တံတားပေါင်း ၁၀ စင်း ဆောက်လုပ်ပေးထားသည်။

မွန်တိုင်းရင်းသားများသည် မြန်မာနိုင်ငံအတွင်းသို့ အစောဆုံးဝင်ရောက်နေထိုင်သောလူမျိုးများဖြစ်သည်။ မြတ်စွာဘုရားရှင်ပွင့်တော်မမူမီကာလကတည်းက သထုံဒေသဝန်းကျင်တွင် သုဓမ္မဝတီနိုင်ငံအဖြစ် တည်ရှိခဲ့ကာ ဘာသာ၊ သာသနာ၊ စာပေ၊ ယဉ်ကျေးမှု၊ အနုသုခုမပညာများပြန့်ပွားခဲ့ပြီး ယနေ့အထိထိန်းသိမ်းလျက်ရှိသည့် သမိုင်းကောင်းများမှာ မွန်ပြည်နယ်အတွက် ဂုဏ်ယူဖွယ်ရာများဖြစ်သည်။ မွန်ပြည်နယ်သည် ထင်ရှားသောသာသနာပြုမင်းကောင်းမင်းမြတ်များ၊ ရဟန်းပညာရှိများ၊ လူပညာရှိများ၊ ကျမ်းဂန်တတ်စာပေပညာရှင်များ၊ သူရသတ္တိထက်မြက်သည့်သူရဲကောင်းများထွန်းကားခဲ့သော သမိုင်းအစဉ်အလာရှိသည့် ပြည်နယ်ဖြစ်သည်။ ထို့ပြင် မွန်လူမျိုးတို့၏ ဘာသာစာပေ၊ ယဉ်ကျေးမှု၊ အနုပညာများ အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည့် အစဉ်အလာကောင်းသောပြည်နယ်တစ်ခုလည်းဖြစ်သည်။

မွန်ပြည်နယ်အတွင်း အံ့ချီးဖွယ်ရာ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအပါအဝင် ရှေးဟောင်းတန်ခိုးကြီးဘုရားများစွာတည်ရှိပြီး သာသနာပြုပုဂ္ဂိုလ်များနှင့် ရှင်အရဟံမထေရ်မြတ်ကြီးတို့က စစ်မှန်သော ဗုဒ္ဓသာသနာတော် တည်တံ့ပြန့်ပွားထွန်းကားရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့ကြသဖြင့် သုဝဏ္ဏဘူမိဒေသသည် သာသနာတော်ထွန်းကားပြန့်ပွားရာဒေသဖြစ်ခဲ့သည်။ ဤသည်မှာမွန်ပြည်နယ်အတွက် ဂုဏ်ယူဖွယ်ရာသမိုင်းမှတ်တမ်းများဖြစ်သည်။ ပြည်တွင်း၊ ပြည်ပမှ အပန်းဖြေခရီးသွားလိုသူများအတွက် ကျိုက္ခမီ၊ စက်စဲ၊ ကဗျာဝ စသောသဘာဝပင်လယ်ကမ်းခြေများက လှပစွာဆွဲဆောင်လျက်ရှိသည်။ ထို့ပြင် “ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်ကြီး”မှာလည်း မြန်မာ့အံ့ဖွယ်၊ ကမ္ဘာ့အံ့ဖွယ်တစ်ရပ်ဖြစ်သည်။ ခရီးသွားလုပ်ငန်းရှုထောင့်မှဖြစ်စေ၊ ဘာသာရေးရှုထောင့်မှဖြစ်စေ၊ လူမျိုးဘာသာမရွေး သွားရောက်ကြည့်ရှုဖူးမြော်ကြရင်းရင်သပ်ရှုမောအံ့သြကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ချမှတ်ထားရှိဆောင်ရွက်လျက်ရှိသည်။လူတိုင်းအသက်ရှင်သန်ရပ်တည်နေနိုင်ရေးအတွက် စားဝတ်နေရေးသည် အခြေခံလိုအပ်ချက်ဖြစ်သောကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ပေးလျက်ရှိသည်။ ထို့အတူ လူတိုင်းအသိဉာဏ်မြင့်မားကာ လူမှုစီးပွားဘဝရှင်သန်နိုင်ရေးအတွက် ပညာရေး၊ ကျန်းမာရေးနှင့်အားကစားကဏ္ဍများကိုလည်း မြှင့်တင်ပေးလျက်ရှိသည်။ ထို့ကြောင့် မွန်ပြည်နယ်အတွင်းမှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအနေဖြင့် မွန်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိတို့ပြည်သူများ၏လူနေမှုဘဝ မြင့်မားတိုးတက်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကိုအခြေခံ၍ ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး(၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှအားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏လူမှုဘဝလုံခြုံရေးနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မြန်မာနိုင်ငံ အပူပိုင်းဇုန်တွင် သီးနှံများပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်စေသည့်အကြောင်းရင်းများကို လေ့လာဆန်းစစ်ခြင်းစီမံကိန်း အောင်မြင်ပြီးမြောက်






နေပြည်တော် မတ် ၁၈

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့်ဆောင်ရွက်ခဲ့သည့် "မြန်မာနိုင်ငံ အပူပိုင်းဇုန်တွင် သီးနှံပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်စေသည့် အကြောင်းရင်းများကို လေ့လာဆန်းစစ်ခြင်း" စီမံကိန်းအောင်မြင်ပြီးမြောက်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မြန်မာနိုင်ငံ အပူပိုင်းဇုန်တွင် ရာသီဥတုပြောင်းလဲခြင်း၊ မိုးခေါင်ခြင်းနှင့် သီးနှံဖျက်ပိုး ကျရောက်ခြင်းတို့ကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်စေလျက်ရှိပြီး စပါးသီးနှံတွင် ဆစ်ပိုး၊ ဆီထွက်သီးနှံနှင့် ဝါသီးနှံတွင် စုပ်စားပိုး၊ ပဲမျိုးစုံတွင် သီးလုံးဖောက်ပိုးတို့ အများဆုံးကျရောက်သည်ကို တွေ့ရှိရပါကြောင်း၊ သီးနှံကြီးထွားမှုအဆင့်အလိုက်ဆုံးရှုံးမှုအနေဖြင့် သီးနှံအများစု၌ စိုက်ပြီး တစ်လတွင် ပျက်စီးဆုံးရှုံးမှုများနှင့် သိုလှောင်ချိန်ပျက်စီးဆုံးရှုံးမှုများ ရှိသကဲ့သို့ ရိတ်သိမ်းပြီးနောက်ပိုင်းကာလတွင် ကြုံတွေ့ကြရသည့် သီးနှံလေလွင့်ဆုံးရှုံးမှုက ပိုမိုများပြားသည်ကိုတွေ့ရှိရကြောင်း။

ရာသီဥတုပြောင်းလဲခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုအများဆုံး သီးနှံများအနေဖြင့် မန္တလေးတိုင်းဒေသကြီးတွင်ပဲစင်းငုံ၊ ပဲတီစိမ်း၊ မြေပဲတို့ဖြစ်ပြီး မကွေးတိုင်းဒေသကြီးတွင် ပဲကြီး၊ နေကြာ၊ နှမ်းသီးနှံတို့ဖြစ်ကြောင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် သွင်းအားစုဈေးနှုန်း မြင့်မားခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ အလုပ်သမားရှားပါးခြင်း၊ သီးနှံဖျက်ပိုးနှင့် ပေါင်းကျရောက်ခြင်းနှင့် စိုက်ပျိုးရေရရှိမှုခက်ခဲခြင်း စသည့်အခက်အခဲများကို တောင်သူများ အများဆုံးကြုံတွေ့ကြရသည်ကို ယခုစီမံကိန်းတွင် လေ့လာဆန်းစစ်နိုင်ခဲ့ကြောင်း၊ အပူပိုင်းဇုန်ဒေသရှိ တောင်သူများ အကျိုးစီးပွားဖြစ်ထွန်းစေရေးနှင့်ဒေသ၏ ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် အထောက်အကူများစွာဖြစ်စေခဲ့သော ယခုစီမံကိန်းဆောင်ရွက်ခွင့်ရရှိရေးနှင့် စီမံကိန်း၏ ရည်ရွယ်ချက်များအတိုင်း အောင်မြင်အောင် ကြိုးပမ်းပေးခဲ့ကြသည့် ကဏ္ဍအသီးသီးမှတာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး (နေပြည်တော်) သံရုံးတာဝန်ခံနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းကွပ်ကဲရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌတို့က စီမံကိန်းအောင်မြင်စွာ ပြီးမြောက်ခြင်းအတွက် ဂုဏ်ပြုစကား ပြောကြားကြပြီး စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန္တာကြည်က စီမံကိန်းတွင်အကောင်အထည် ဖော်ဆောင်ရွက်ခဲ့သည့်လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြသည်။

ယင်းနောက်တာဝန်ရှိသူများက စီမံကိန်း၏ ရောဂါပိုးမွှားဆိုင်ရာသုတေသနတွေ့ရှိချက်များ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သုတေသနတွေ့ရှိချက်များကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက စီမံကိန်းခုနစ်ခုဆောင်ရွက်ခွင့်ရရှိခဲ့သည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂) တွင် စီမံကိန်းဦးစီးဌာန စီမံကိန်းစိစစ်သုံးသပ်ရေးဌာနခွဲက တာဝန်ယူဆောင်ရွက်ခဲ့သော "မြန်မာနိုင်ငံ အပူပိုင်းဇုန်တွင် သီးနှံများပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်စေသည့် အကြောင်းရင်းများကို လေ့လာဆန်းစစ်ခြင်း" စီမံကိန်းကို မန္တလေးတိုင်းဒေသကြီးမှ ခုနစ်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီးမှ ရှစ်မြို့နယ် စုစုပေါင်း မြို့နယ် ၁၅ မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် သီးနှံဖျက်ပိုးရောဂါကာကွယ်နှိမ်နင်းခြင်းကို ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများအား အဓိကအသုံးပြုကြသော်လည်း သီးနှံပျက်စီးဆုံးရှုံးမှုလျော့နည်းစေရန် စိုက်ချိန်ညှိခြင်း၊ မျိုးပြောင်းလဲခြင်း၊ စိုက်ပျိုးနည်းစနစ်ပြောင်းလဲခြင်းနှင့် မြေနှင့်ရေစီမံခန့်ခွဲခြင်း၊ ဘက်စုံရောဂါကာကွယ်နှိမ်နင်းနည်းလမ်းများ၊ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေသော စိုက်ပျိုးနည်းစနစ်များကို စိုက်ပျိုးရေးပညာရှင်များ ဖြန့်ဝေပေးနိုင်ခဲ့သဖြင့် တောင်သူများဝင်ငွေတိုးတက်ရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းစေရေးကို များစွာ အထောက်အကူဖြစ်စေခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# လယ်ဝေးမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကွင်းဆင်းကြည့်ရှုစစ်ဆေး



နေပြည်တော် မတ် ၁၈

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် ကြို့ကုန်းကျေးရွာအုပ်စု ကွင်းအမှတ် (၁၈၀၁) တောင်သူ ဦးဝင်းငြိမ်း၏ နွေစပါးစိုက်ခင်းအနီး ယာယီရှင်းလင်းဆောင်တွင် တောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးကနွေစပါးစိုက်ပျိုးနေမှု အခြေအနေများ၊ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များ၊ စိုက်ပျိုးနည်းစနစ်များကိုရှင်းလင်းတင်ပြရာနေပြည်တော်ကောင်စီဥက္ကဋ္ဌက စပါးအပါအဝင် သီးနှံများအထွက်နှုန်း တိုးတက်ရေးအတွက် မိရိုးဖလာစိုက်ပျိုးနည်းမှ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ မှန်ကန်စွာ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများတွင် သဘာဝမြေဩဇာများကို အသုံးပြုရေးနှင့် စိုက်ပျိုးရေများ စနစ်တကျသုံးစွဲပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သီးနှံများ ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းစသည့်နည်းလမ်းလေးသွယ်ကို စနစ်တကျမှန်ကန်စွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြေများကိုလုပ်ထားခြင်း မပြုရေးနှင့်သီးထပ်စွမ်းအားများ တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးကြစေလိုကြောင်း၊ ဆွေးနွေးပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တောင်သူ ဦးဝင်းငြိမ်း၏ လယ်မြေတွင် မျိုးစေ့ချကိရိယာ Seeder ဖြင့်စိုက်ပျိုးထားသည့်နွေစပါးစိုက်ခင်းအား ပေါင်းလိုက်တမန်းနှိုးကိရိယာဖြင့် ပေါင်းလိုက်တမန်းနှိုး သရုပ်ပြသဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ပြောင်ခေါင်းကြီး ကျေးရွာအုပ်စု ပြောင်ခေါင်းကြီးမွေးမြူရေးဇုန်ရှိ ဦးမြင့်ထူး၏ အသားတိုးကြက် မွေးမြူရေးခြံသို့ သွားရောက်၍ အသားတိုးကြက်များ မွေးမြူထားရှိမှု အခြေအနေများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် လယ်ဝေးမြို့နယ် တည်ထောင်ကျေးရွာအုပ်စု အတွင်းရှိ စမတောင် မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေး ဥယျာဉ်ကျောင်း ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒအား သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဒက္ခိဏသီရိမြို့နယ် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ (နေပြည်တော်) သို့ သွားရောက်၍ အဘိုးအဘွားများအား အာဟာရဒါနအတွက် အလှူငွေများကို ကရုဏာကမ္ဘာဘိုးဘွားရိပ်သာမှ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၁)(၃/၂၀၂၅)သို့ တက်ရောက်နေသည့် သင်တန်းသားများအတွက် ချီးမြှင့်ငွေပေးအပ်ပွဲကို နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် တွဲဖက်အတွင်းရေးမှူး၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အခမ်းအနားတွင်နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၁)(၃/၂၀၂၅)သို့ တက်ရောက်နေသည့် သင်တန်းသားများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းက လက်ခံရယူခဲ့ကြောင်းသိရသည်။

(၅၀၀)

**နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၁၈-၃-၂၀၂၅ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ | အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယက် | အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | ချောက် | ၄၄.၃ | ၁၁၁.၇ |
| ၂။ | မြင်းခြံ | ၄၂.၅ | ၁၀၈.၅ |
| ၃။ | မင်းဘူး | ၄၂.၅ | ၁၀၈.၅ |
| ၄။ | ဆင်ဖြူကျွန်း | ၄၂.၀ | ၁၀၇.၆ |
| ၅။ | မကွေး | ၄၁.၈ | ၁၀၇.၂ |
| ၆။ | ညောင်ဦး | ၄၁.၇ | ၁၀၇.၁ |
| ၇။ | တောင်တွင်းကြီး | ၄၁.၀ | ၁၀၅.၈ |
| ၈။ | မန္တလေး | ၄၀.၈ | ၁၀၅.၄ |
| ၉။ | တံတားဦး (လေကြောင်းမိုးလေဝသ) | ၄၀.၈ | ၁၀၅.၄ |

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

## လူရည်မလည်သော မြတောင်သားများ



ကိုဝင့်မော်၏ရုံးကိစ္စလည်း ပြီးစီးသည်နှင့် ကျွန်ုပ်နှင့် ကိုဝင့်မော်တို့သည် မြို့အုပ်အိမ်မှဆင်းခဲ့ကြ၍ မြစ်ဆိပ်သို့ လျှောက်လာကြရာ ကမ်းသို့ချဉ်းကပ်မိသောအခါ၌ ငှက်တစ်စင်းသည် ကမ်းမှခွာ၍ မြတောင်ဘက်သို့ လှော်ခတ်သွားသည်ကိုမြင်သည်နှင့် ကိုဝင့်မော်က လှမ်းခေါ်၏။ ငှက်သမားသည် မကြားချင်ပြု၍ လှော်ခတ်မြဲလှော်ခတ်သွား၏။ ထိုအခိုက်တွင် မြစ်ဆိပ်၌ တခြားငှက်များမရှိသည်နှင့် ကိုဝင့်မော်က ကျယ်ကျယ်ကြီးဟစ်ခေါ်ရာ ငှက်သမားလည်း ဇွတ်ခတ်ပြေး၏။ ဤတွင် လူကောင်းစိတ်တိုဖြစ်သော ကိုဝင့်မော်သည် ဒေါသဖြစ်လာ၍ ခတ်ပြေးသော ငှက်သမားမှာ မည်သူမည်ဝါဖြစ်သည်ဟု မြစ်ဆိပ်တွင်ထိုင်လျက်ရှိသော လူငယ်တစ်ယောက်အားမေး၏။ လူငယ်ကလည်း ဘာမျှမပြောဘဲ ငုတ်တုတ်ကြီးထိုင်နေလေရာ နဂိုကတည်းက ဒေါပွလျက်ရှိသော ကိုဝင့်မော်မှာ မိမိကမေးသည်ကို မပြောဘဲ ပေလျက်ရှိသောလူငယ်အား စိတ်ဆိုးသည်နှင့် ခြေထောက်ဖြင့် တစ်ချက်ကန်လိုက်လေသည်။ (မြတောင်သားများ၏ မရည်လည်ပုံမှာ သဘောကောင်းလှသည်ဟု နာမည်ရလျက်ရှိသော ဝန်ထောက်တစ်ယောက်အားပင် ခေါ်မရ၊ မေးမရ လုပ်ချင်လုပ်သေးသည်။ လူငယ်ရော ငှက်သမားပါ မြတောင်ဘက်မှဖြစ်သည်ဟု နောင်တွင် သိရသည်။ ရွှေဘိုနယ်သားများမူကား ကိုဝင့်မော်ကဲ့သို့ သဘောကောင်းသော ဝန်ထောက်တစ်ယောက်အား ဤကဲ့သို့ ပြုမူလိမ့်မည်မဟုတ်ဟူ၍ ကျွန်ုပ် နှိုင်းယှဉ်ချက်ထုတ်မိသည်။) များမကြာမီ ထီးချိုင့်ဘက်မှ ငှက်တစ်စင်းပေါ်လာ၍ ၎င်းဖြင့် မြတောင်ဘက်သို့ ကူးခဲ့ကြရ၏။ သူငယ်ချင်း ကိုဝင့်မော်မှာ ဆင်းရဲသားကို ကြင်နာတတ်သူဖြစ်၍ ငှက်ခမပေးဘဲနေမည့်လူတစ်ယောက် မဟုတ်ခြင်းကိုလည်း ကျွန်ုပ်သိသဖြင့် ထိုသူနှစ်ယောက်တို့၏ အပြုအမူကို အံ့ဩမိသည်။

## ခေါင်းမာတဲ့ လူကလေးတွေ

ထိုညဉ့် ရွာထဲမှအဘိုးကြီးတစ်ယောက် ရောက်လာ၍ ခြေကန်ခံရသောလူငယ်မှာ အလူးအလဲဖြစ်နေကြောင်း၊ ဝန်ထောက်မင်း လိုက်ကြည့်ဖို့အကြောင်း တောင်းပန်ပြောဆိုလေ၏။ ကိုဝင့်မော်သည် ချက်ချင်း ထ၍လိုက်ရာ ကျွန်ုပ်အားလည်း အဖော်လိုက်ခဲ့ဖို့ခေါ်သွားလေသည်။ ရုံးပေါ်မှဆင်း၍ တောအုပ်ကြီး၏ အိမ်ရှေ့သို့ရောက်ကြရာတွင် အကြောင်းခြင်းရာကို ကြားသိပြီးဖြစ်သော တောအုပ်ကြီးသည် အိမ်ပေါ်မှ ပြေးဆင်းလာ၍ မြတောင်ရွာသားများ မကောင်းကြောင်း၊ ဘာမျှမယုံရကြောင်း၊ လူရမ်းကားကလေးများလည်းရှိကြောင်း၊ ဝန်ထောက်မင်းကိုယ်တိုင် မလိုက်သင့်ကြောင်းပြောကာ တားဆီးလေ၏။ (တောအုပ်ကြီးကား ဤနယ်တွင် နှစ်ပေါင်းများစွာ နေဖူးသူဖြစ်၍ နယ်အကြောင်းကို ကိုဝင့်မော်ထက် ပို၍သိသည်။) ဤတွင် ကိုဝင့်မော်က "ဘယ့်နှယ်လဲဗျို့ ကိုဖေသိန်း" ဟု မေးရာ ကျွန်ုပ်က "ခင်ဗျား သွားလျှင်တော့ ကျုပ်လိုက်မှာပဲ" ဟု ပြန်ပြောသည်နှင့် "ကိုင်း လာဗျာ၊ သွားမယ်" ဟုဆိုကာ ထွက်လာကြလေသည်။ အသက်ငါးဆယ်ကျော်ပြီဖြစ်သော တောအုပ်ကြီးကမူ "တော်တော်ခေါင်းမာတဲ့ လူကလေးနှစ်ယောက်ပဲ" ဟူသော မျက်နှာထားမျိုးနှင့် ကြည့်နေရစ်လေ၏။ ခြေကန်ခံရသော လူငယ်၏အိမ်သို့ရောက်ကြသောအခါ (ဝန်ထောက်နှင့်ပတ်သက်သော အမှုဖြစ်သည်နှင့်) လူငယ်ဆွေမျိုးများသာမက တစ်ရွာလုံးလိုပင် စုရုံးရောက်ရှိနေကြလေပြီ။ ကျွန်ုပ်တို့သည် အိမ်ပေါ်သို့တက်၍ လူနာအနီးမှာ ထိုင်ကြရာ လူနာမှာ ခါးကိုကန်မိသောဒဏ်ကြောင့် ရွာသူရွာသားများ ဝိုင်းဝန်းနှိပ်နယ်ပေးနေကြ၏။ ကျွန်ုပ်သည် လူနာ၏မျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်ရာတွင် ဝေဒနာပြင်းထန်ပုံမရကြောင်း အကဲခတ်မိသည်နှင့် ပရိသတ်ကိုလှမ်းကြည့်လိုက်ပြန်၏။ ၎င်းတို့အနက်တွင် ရေခပ်ဆိပ်၌ မြင်လိုက်ရ၍ ကျွန်ုပ်မှတ်မိသော မိန်းမချောကလေးကို တွေ့ရ၏။ သူ့အနီးတွင်လည်း ရုပ်ချင်းခပ်ဆင်ဆင်တူသော မိန်းမချောလေးနှစ်ယောက်ကိုလည်း မြင်ရလေရာ ညီအစ်မများဖြစ်တန်ရာသည်ဟု အကဲခတ်မိ၍ ထိုအတိုင်းမှန်ကန်ခြင်းကိုလည်း နောင်တွင်သိရသည်။ ညီအစ်မသုံးဖော်တို့၏မျက်နှာများမှာ ရှမ်းဆန်သည်ထင်မိရာ ဤသည်လည်း မှန်ကန်ကြောင်း တွေ့ရသည်။ ရွာသူရွာသားများသည် ကိုဝင့်မော်၏ခြေကန်မှုနှင့်ပတ်သက်၍ တစ်စိတ်ကိုတစ်အိတ်ဖြစ်အောင် ချဲ့ထွင်ပြောဆိုလျက်ရှိကြရာ ကျွန်ုပ်မှာ လူ့စိတ်ကို အကဲခတ်တတ်သလောက် ပြေလည်အောင်မပြောတတ်သည်နှင့် စကားဖြင့်မကူညီဘဲ ရွာသားလူငယ်များ၏အကဲကိုသာ စောင့်ကြည့်နေရပါတော့သည်။ ရွာသူများအနက်တွင် အတော်စကားတတ်သော မိန်းမကြီးတစ်ယောက်၏စကားချုပ်ချက်အရ ကိုဝင့်မော်က လူနာအတွက် အရာရာတာဝန်ယူပါသည်ဟု ကတိပြုပြီးနောက် အိမ်ပေါ်မှဆင်းလာခဲ့ကြလေ၏။

## အပျိုချောများနှင့် အကျွမ်းဝင်ပုံ

နောက်တစ်နေ့နံနက်တွင် ထီးချိုင့်ဘက်သို့ ကျွန်ုပ်နှင့် စာရေးကလေးတို့သွား၍ ဆရာဝန်ခေါ်ပြီး လူနာ၏အိမ်သို့ ပို့ပေးရ၏။ ကိုဝင့်မော်မူကား တောအုပ်ကြီး၏သတိပေးချက်ကြောင့် ကိုယ်တိုင်မလိုက်တော့ချေ။ ထိုနေ့၌ပင် ကိုဝင့်မော်၏ မိဘများထံမှ ကြေးနန်းရ၍ မန္တလေးသို့ ကိုဝင့်မော်လိုက်သွားရလေရာ ဆရာဝန်နှင့် လူနာ၏တာဝန်ကို ကျွန်ုပ်အား လွှဲထားခဲ့၍ နေ့တိုင်းသွားကြည့်ဖို့လည်း ကတိပြုလိုက်ရလေသည်။ လူနာ၏အိမ်နှင့် မျက်နှာချင်းဆိုင်တွင်ရှိသော အိမ်တွင် ကျွန်ုပ် မျက်မှန်းတန်းမိသည့် မိန်းမချောကလေး ညီအစ်မသုံးယောက်တို့ နေထိုင်ကြလေရာ ကျွန်ုပ်မှာ ကိုဝင့်မော် လွှဲထားခဲ့သည့် လူနာကြည့်တာဝန်ကို ထမ်းရွက်ရသည်နှင့်ပင် မိန်းကလေးများနှင့် အတော်သိကျွမ်းလျက်ရှိလေပြီ။ တစ်ခါတစ်ရံ လူနာထံမှအပြန်တွင် ၎င်းတို့၏အိမ်ဘက်သို့ကူးဝင်ကာ အချိန်အတန်ကြာအောင် စကားစမြည်ပြောလေ့ရှိ၏။ ပထမ၌ အလတ်မိန်းကလေးသည် အချောဆုံးဖြစ်သည်ဟု ထင်ခဲ့ရာမှ အတော်အတန် အကျွမ်းတဝင်ရှိလာသောအခါတွင် အကြီးဆုံးနှင့်ပို၍ မျက်မှန်းတန်းမိလာသည်။ သို့ရာတွင် စုံဒေဝီနှင့် မျက်မှန်းတန်းမိခြင်းမျိုးကား မဟုတ်သေးပေ။ အမှန်မှာ ကိုဝင့်မော်မရှိသည့် ရက်သတ္တပတ်အတွင်း နေ့စဉ်လိုတွေ့ရသော်လည်း မိတ်ဖြစ်ဆွေဖြစ်သာ သဘောထား၍ လူပျိုလှည့်လိုသည့်အကြံအစည်ပင် မပေါ်ပေါက်သေးပါ။ ဤရက်များအတွင်း တခြားသောအပျိုချောများနှင့်လည်း သိကျွမ်းအောင် လမ်းဖောက်လျက်ရှိပါသည်။ ကျွန်ုပ်သည် ဟုတ်မှန်သည့်အတိုင်း ပြောရမည်ဆိုလျှင် လိင်နှင့်ပတ်သက်၍ ခေါင်းပါးသူတစ်ယောက်ဖြစ်ပါလျက် တစ်သက်တာတွင် ထိုအချိန်အပိုင်းအခြားကဲ့သို့ မိန်းမစိတ်ကူးသောအချိန်သည် မရှိခဲ့ဖူးပါ။ အလုပ်ကလည်းမရှိ၊ လွတ်လပ်သော မိန်းမချောများကလည်းပေါသည်နှင့် မည်သူ့ကို 'လှည့်' ရလျှင် တော်လိမ့်မည်၊ ဟန်လိမ့်မည်၊ နေရာကျလိမ့်မည်ဆိုသည်ကို အချိန်ကုန်ခံ၍ စဉ်းစားစိတ်ကူးမိပါသည်။ ဟုတ်ချင်ဟုတ် မဟုတ်ချင်နေ၊ နောင်ခါလာ နောင်ခါဈေးဆိုကာ အပျော်လိုက်တတ်သော ဝါသနာလည်းမရှိသောကြောင့် မည်သူ့အားမျှ ထိရောက်စွာအကြံမပြုသေးဘဲ အကဲခတ်ဆဲပင်ရှိပါသည်။ သို့သော် ငါသည် ဤရွာသူတစ်ယောက်ယောက်နှင့် အိမ်ထောင်ကျလိမ့်မည်ဟူသောအထင်မှာမူ ရောက်ကတည်းက ကပ်လျက်ရှိပါ၏။ မိန်းမတစ်ယောက်သာဖြစ်ခဲ့လျှင် 'အညာလွယ်' သည်ဟု ဆိုရလိမ့်မည်ထင်ပါသည်။

## သစ်သင်းထွက်ကြခြင်း

မန္တလေးမှ ကိုဝင့်မော် ပြန်ရောက်လာသောအခါ ခြေကန်ခံရသော လူငယ်မှာ ကောင်းစွာပျောက်ကင်းပြီဖြစ်၍ ကိုဝင့်မော်မှာ ဆရာဝန်အတွက်လည်း ကောင်း၊ လူနာအတွက်လည်းကောင်း သင့်တင့်လျောက်ပတ်အောင်ပေးရသည်တွင် ကိုဝင့်မော်က "တော်တော်ဈေးကြီးတဲ့ ခြေတစ်ချက်ပဲဗျ (An Expensive Kick)" ဟု ရယ်ကာမောကာ ပြောလေသည်။ နောက်တစ်နေ့တွင် သစ်တောဝန်ထံမှ ကိုဝင့်မော်ထံသို့ အမိန့်စာရောက်လာ၏။ ၎င်းမှာ ကိုဝင့်မော်အား တောခေါင်းနှစ်ယောက်နှင့်အတူ သစ်တောသို့ ချက်ချင်း 'သစ်သင်း' ထွက်ရန်ဖြစ်လေသည်။ သစ်သင်းသောအလုပ်မှာ သစ်တောအရာရှိများနှင့် လက်အောက်အမှုထမ်းများအဖို့ရာ၌ အပင်ပန်းဆုံးသော အလုပ်တစ်ခုဖြစ်၍ အတော်ငိုင်သွားကြလေရာ မမြင်ဖူးသောအခြင်းအရာကို မြင်လိုလှသော ကျွန်ုပ်မူကား ဝမ်းမြောက်ဝမ်းသာဖြစ်သွားလေသည်။ ကျွန်ုပ်၏ ရွှင်ပျသောမျက်နှာကို မြင်ရသောအခါ ကိုဝင့်မော်က "ခင်ဗျားက ဝမ်းသာနေ၊ တော်တော်ကြာတော့ မညည်းနဲ့နော်" ဟုပြောရာ ကျွန်ုပ်ကလည်း "ခင်ဗျားတို့လုပ်သမျှ လုပ်ပါမယ်ဗျာ၊ မညည်းပါဘူး" ဟု ပြန်ပြောမိပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

# မကွေးမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး(ဆင့်ပွား)သင်တန်းဖွင့်လှစ်



မကွေး မတ် ၁၈

မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ခရိုင်၊ မြို့နယ်များမှ ဝန်ထမ်းများ လုပ်ငန်းတာဝန်ဝတ္တရားများကို ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ကျေပွန်စွာထမ်းဆောင်နိုင်ရန်နှင့် အသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်၍ ဥပဒေအသိပညာပြန့်ပွားရေး (ဆင့်ပွား)သင်တန်းကို မတ်လ ၁၈ ရက်တွင် မကွေးမြို့ရှိ အဆိုပါတိုင်းဒေသကြီး ဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်လွင်ဦးက အမှာစကား ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော သင်တန်းသားများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

အဆိုပါသင်တန်းသို့ ခရိုင်၊ မြို့နယ်များမှ အရာထမ်းဝန်ထမ်း ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ၊ လောင်းကစားဥပဒေ စသည်တို့ကို သုံးရက်ကြာသင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။ **ငြိမ်းသူ**

★ **ရှေ့ဖုံးမှအဆက်**

ထို့အပြင် မြတ်စွာဘုရားရှင် ပွင့်တော်မမူမီကတည်းက သထုံဒေသဝန်းကျင်တွင် သုဝဏ္ဏဘူမိတိုင်းပြည်အဖြစ်ထူထောင်ကာ ဘာသာ၊ သာသနာ၊ စာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် အနုသုခုမပညာရပ်များကို ထိန်းသိမ်းပြီး ရာမညတိုင်းအဖြစ် ဂုဏ်ကျက်သရေတင့်တယ်စွာ ရပ်တည်ခဲ့သည်ကိုလည်းတွေ့ရပါသည်။

သီဟသုဝဏ္ဏမင်း၊ မနူဟာမင်းစသည့် ထင်ရှားကျော်ကြားသော သာသနာပြုမင်းကောင်းမင်းမြတ်များ၊ ဝေါဆရာတော် ဦးဥတ္တမရန္တ၊ ဦးသီလဝန္တ (မင်းရွှေဂို)စသည့် ကျမ်းဂန်တတ် ရဟန်းပညာရှိများ၊ ပထမဆုံး အနောက်တိုင်းဆေးပညာရှင် ဒေါက်တာရှောလူး၊ သိပ္ပံမောင်ဝ၊ ဒေါက်တာနိုင်ပန်းလှ၊ ဒေါက်တာမင်းတင်မွန် စသည့်ပညာရှိများနှင့် စာပေပညာရှင်များ၊ ရာဇဓိရာဇ်၊ လဂွန်းအိမ်၊ သမိန်ဗရမ်း စသည့် သူရသတ္တိနှင့်ပြည့်စုံသော သူရဲကောင်းများပေါ်ထွန်းခဲ့ပြီး သမိုင်းအစဉ်အလာကြီးမားခဲ့သည့် ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

**❖ ယနေ့အချိန်အခါတွင် မိမိတို့နိုင်ငံသည် ပြည်သူများ၏လိုလားချက်နှင့်အညီ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းဟူသည့် လောကပါလတရားများ ထွန်းကားရာ ဒီမိုကရေစီစနစ်ကိုကျင့်သုံးသည့်နိုင်ငံအဖြစ်သို့ စတင်လျှောက်လှမ်းနေချိန်ဖြစ်၊ ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် နိုင်ငံသားအားလုံးအနေဖြင့် စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်းရှိခြင်း၊ တရားဥပဒေကို လေးစားလိုက်နာခြင်းနှင့် အသိဉာဏ်ပညာပြည့်ဝခြင်းတို့သည် မရှိမဖြစ်လိုအပ်မည်ဖြစ် . . .**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူပြီးနောက် မွန်ပြည်နယ်အား ၃၀-၄-၂၀၂၂ ရက်နေ့မှစ၍ ခရိုင် (၄)ခုနှင့် မြို့နယ် (၁၀)ခုတို့ဖြင့် ပြင်ဆင်ဖွဲ့စည်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေး၊ လူမှုရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မွန်ပြည်နယ်သည် အရှေ့ဘက်တွင် ကရင်ပြည်နယ်နှင့် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် မုတ္တမကွေ့၊ မြောက်ဘက်တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ဘက်တွင် တနင်္သာရီတိုင်းဒေသကြီးတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက် ပထဝီအနေအထားအရ အဓိကကျစွာတည်ရှိနေပါသည်။ ကွန်ရက်သဖွယ်စီးဆင်းနေသော သံလွင်မြစ်၊ ဂျိုင်းမြစ်၊ အတ္တရံမြစ်နှင့် ဒုံသမိမြစ်တို့ဖြင့် ရေလမ်း၊ ကုန်းလမ်းဆိုရာ အချက်အချာနေရာတွင် တည်ရှိသော ပြည်နယ်တစ်ခုဖြစ်ပါသည်။

မွန်ပြည်နယ်သည် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် တည်ရှိသော ပြည်နယ်တစ်ခုဖြစ်သည့်အပြင် ကုန်ကူးသန်းရောင်းဝယ်ရေးအတွက် အရေးပါသော ဗဟိုဆိပ်ကမ်းနေရာတစ်ခုဖြစ်ပါသည်။ ထို့အပြင် ရာသီဥတုမျှတကောင်းမွန်ပြီး ရှုမောဖွယ်ရာ တောတောင်မြစ်ချောင်းများ၊ စိမ်းလန်းစိုပြည်သော သစ်တောများ၊ သဘာဝရေမြေသယံဇာတများ၊ ဒေသထွက်သစ်သီးဝလံများ ပေါများဖြစ်ထွန်းကြွယ်ဝပြီး ရေခံမြေခံကောင်းမွန်သော ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

ဘာသာ၊ သာသနာနှင့်ပတ်သက်၍လည်း မွန်ပြည်နယ်တွင် ထူးခြားထင်ရှားသော ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအပါအဝင် ကျိုက်ပေါလောမှဲ့ရှင်တော်ဘုရား၊ ဆံတော်ရှင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၊ ကျိုက်မရောဆုတောင်းပြည့်ဘုရား၊ ကျိုက္ခမီရေလယ်ဘုရား စသည့် သမိုင်းဝင်တန်ခိုးကြီးဘုရားစေတီများစွာတို့ဖြင့် သာသနာ့ဂုဏ်ရောင် ထွန်းလင်းတောက်ပလျက်ရှိပါသည်။ သာသနာပြုပုဂ္ဂိုလ်များနှင့် ရှင်အရဟံမထေရ်မြတ်ကြီးတို့၏ ကြိုးပမ်းအားထုတ်ခဲ့မှုများကြောင့် စစ်မှန်သော ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရာ နေရာဒေသဖြစ်ခဲ့သည်ကိုလည်း သမိုင်းမှတ်တမ်းများအရ အထင်အရှားတွေ့မြင်ရသည်မှာလည်း ဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့အချိန်အခါတွင် မိမိတို့နိုင်ငံသည် ပြည်သူများ၏လိုလားချက်နှင့်အညီ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းဟူသည့် လောကပါလတရားများထွန်းကားရာ ဒီမိုကရေစီစနစ်ကိုကျင့်သုံးသည့် နိုင်ငံအဖြစ်သို့ စတင်လျှောက်လှမ်းနေချိန်ဖြစ်ပါသည်။ ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် နိုင်ငံသားအားလုံးအနေဖြင့် စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်းရှိခြင်း၊ တရားဥပဒေကိုလေးစားလိုက်နာခြင်းနှင့် အသိဉာဏ်ပညာပြည့်ဝခြင်းတို့သည် မရှိမဖြစ် လိုအပ်မည်ဖြစ်ပါသည်။

စည်းလုံးညီညွတ်ခြင်းသည် နိုင်ငံ့အင်အားကို ခိုင်မာတောင့်တင်းစေပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံ့အကျိုးစီးပွားကိုဖြစ်ထွန်းစေပါသည်။ မျက်မှောက်ကာလ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများကိုကြည့်ပါက စည်းလုံးညီညွတ်မှုအင်အားဖြင့် အခိုင်အမာတည်ဆောက်ထားကြသည်ကိုတွေ့ရှိနိုင်ပါသည်။ **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"**ဟူသော စကားနှင့်အညီ တိုင်းပြည်ကို ပြည်တွင်းအင်အားဖြင့်သာ တည်ဆောက်ကြရမည်ဖြစ်ပါသည်။ သို့သော်လည်း မျက်မှောက်ကာလ မိမိတို့နိုင်ငံ၏ အခြေအနေမှာ တည်ဆောက်ရေးကိုမလုပ်နိုင်ဘဲ တိုင်းဖျက်ပြည်ဖျက်ရန်ကို ပြည့်အင်အားဖြင့် ကြိုးစားကာကွယ်နေကြရသဖြင့် တည်ငြိမ်အေးချမ်းမှုအားနည်းပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် အလှမ်းဝေးနေဆဲဖြစ်နေပါသည်။

**❖ အကြမ်းဖက်မှုများ၏နောက်ကွယ်တွင် ပြည်တွင်းပြည်ပမှ အမျိုးမျိုးသော ပံ့ပိုးမှုများနှင့်သွေးထိုးလှုံ့ဆော်မှုများပါဝင်နေသည်ကိုလည်း နိုင်ငံသားတိုင်း သတိချပ်သင့်ပြီး စည်းလုံးညီညွတ်မှုပျက်ပြားရာမှ ဖြစ်ပေါ်လာသည့် ဆင်းရဲဒုက္ခများ အပေါ်တွင် သင်ခန်းစာယူကြရန် အချိန်အခါကျရောက်နေပြီဖြစ် . . .**

ယနေ့ ဖြစ်ပေါ်လျက်ရှိသောပဋိပက္ခများနှင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုများမှာ နိုင်ငံရေးအမြင်မတူညီမှုများကို အခြေခံသကဲ့သို့ တသီးတခြားရပ်တည်လိုစိတ်နှင့် အတ္တအကျိုးစီးပွားကိုသာ ရှေ့တန်းတင်နေကြခြင်းကြောင့်လည်း ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါသည်။ နယ်မြေဒေသအသီးသီးတွင် တိုင်းရင်းသားလက်နက်ကိုင်များနှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် နိုင်ငံတော်အခြေခံအဆောက်အအုံများနှင့် ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များပျက်သုဉ်းကာ ဆင်းရဲဒုက္ခရောက်နေကြရပါသည်။ အကြမ်းဖက်မှုများ၏နောက်ကွယ်တွင် ပြည်တွင်းပြည်ပမှ အမျိုးမျိုးသောပံ့ပိုးမှုများနှင့်သွေးထိုးလှုံ့ဆော်မှုများပါဝင်နေသည်ကိုလည်း နိုင်ငံသားတိုင်း သတိချပ်သင့်ပြီး စည်းလုံးညီညွတ်မှုပျက်ပြားရာမှ ဖြစ်ပေါ်လာသည့် ဆင်းရဲဒုက္ခများအပေါ်တွင် သင်ခန်းစာယူကြရန် အချိန်အခါကျရောက်နေပြီဖြစ်ကြောင်း အသိပေးလိုပါသည်။

ယနေ့ လက်နက်ကိုင်တိုက်ပွဲများနှင့် ဆူပူအကြမ်းဖက်မှုများလုပ်ဆောင်နေကြသည့် တိုင်းရင်းသားလက်နက်ကိုင်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပတ်သက်သူများကိုလည်း ပြည်သူများဒုက္ခရောက်စေပြီး နိုင်ငံကို အန္တရာယ်ကျရောက်စေမည့်လုပ်ရပ်များကို နိုင်ငံနှင့်ပြည်သူအကျိုးရှေးရှု၍ ရပ်တန့်ပေးကြရန် အသိပေးမှာကြားလိုပါသည်။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံကာ နိုင်ငံတော်ကိုဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူလူထု၏ဆန္ဒဖြစ်သည့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော၊ အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေးကို သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲကျင်းပနိုင်ရေး လိုအပ်လျက်ရှိသော နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းမှုရှိစေရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ပစ္စုပ္ပန်ကာလ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးတို့၏ ပကတိလိုအပ်ချက်မှာ ဥပဒေနှင့်အညီ အေးအေးချမ်းချမ်းနေထိုင်လုပ်ကိုင်စားသောက်၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ဘဝဖွံ့ဖြိုးတိုးတက်နိုင်ရေးဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူလူထု၏ ပကတိလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး တန်းတူခံစားနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**❖ အနာဂတ်တွင် ထာဝရတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးသာယာဝပြောသော တိုင်းပြည်ဖြစ်ပေါ်လာစေရန်အတွက် တိုင်းရင်းသားပြည်သူအားလုံး၏စိတ်တွင် မြန်မာဆိုသော စိတ်ထားတစ်ခုတည်းအဖြစ်ခံယူနိုင်ရေး အဓိကလိုအပ်သည့် စိတ်ဓာတ်နှင့် ပညာအရာတို့ကို မြှင့်တင်ပေးကြရမည်ဖြစ် . . .**

အဆိုပါလုပ်ငန်းစဉ်များ အချိန်တိုအတွင်းတွင် ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံက အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းမှာကြားလိုပါသည်။

စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရန် ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ ဒေသအလိုက် သဘာဝထွက်ကုန်ကြမ်းများကိုအခြေခံသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း MSME များကို အားပေးမြှင့်တင်လျက်ရှိပါသည်။ MSME လုပ်ငန်းများသည်

စာမျက်နှာ ၆ သို့ ★

★ **စာမျက်နှာ ၅ မှအဆက်**

နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် အရေးပါသော အင်အားစုများ ဖြစ်သည့်အတွက် အဆိုပါလုပ်ငန်းများအား ထိရောက်စွာ ပံ့ပိုးပေးခြင်းအားဖြင့် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ ရေခံမြေခံကောင်းမွန်ပြီး သဘာဝအရင်းအမြစ်များ ကြွယ်ဝသော မွန်ပြည်နယ်အနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍကို တိုးမြှင့်နိုင်မည်ဆိုပါက ဒေသခံပြည်သူများ၏ ဝင်ငွေတိုးတက်စေမည်ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ကာ လူမှုစီးပွားဘဝယခုထက် ပိုမို၍ တိုးတက်လာနိုင်မှာဖြစ်ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်းကောင်း၊ တည်ငြိမ်အေးချမ်းပြီး ဒီမိုကရေစီ နိုင်ငံသစ်တည်ဆောက်ရာတွင်လည်းကောင်း တိုင်းရင်းသားပြည်သူအားလုံး အသိပညာ၊ အတတ်ပညာ ပြည့်ဝရေးသည် အဓိကကျပါသည်။ ယနေ့အချိန်တွင် အနာဂတ်အင်အားများဖြစ်သည့် လူငယ်များကို ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများမြှင့်တင်ကာ ဘက်စုံပညာဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။ လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်များရရှိပြီး တိုင်းပြည်၏ဂုဏ်ကို မြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုစောင့်ထိန်းလိုစိတ်များ ဖြစ်ပေါ်စေရေးအတွက် စနစ်တကျလေ့ကျင့်ပျိုးထောင်ရန် လိုအပ်မည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံသားတိုင်း အနည်းဆုံး KG+9 အလယ်တန်းအဆင့် ပြီးမြောက်အောင်မြင်ရေးနှင့် အသိပညာ၊ အတတ်ပညာ ပြည့်စုံသော ပညာတတ်များ ပေါ်များရေးဟူသည့် ပညာရေးမျှော်မှန်းချက်များ အောင်မြင်စေရန် ကျောင်းများတိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်း၊ ဆရာ၊ ဆရာမများ၏ စွမ်းရည်မြှင့်တင်ပေးခြင်းနှင့် ကျောင်းဥပစာရိပ်ကောင်းမွန်ပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။ နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များပေါ်ပေါက်လာစေရန် ကြိုးပမ်းဆောင်ရွက်မည်ဆိုပါက ကဏ္ဍပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခုဖြစ်လာမည်မှာ မလွဲကေန်ပင်ဖြစ်ပါသည်။

အနာဂတ်တွင် ထာဝရတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးသာယာဝပြောသော တိုင်းပြည်ဖြစ်ပေါ်လာစေရန်အတွက် တိုင်းရင်းသား ပြည်သူအားလုံး၏ စိတ်တွင် မြန်မာဆိုသော စိတ်ထားတစ်ခုတည်း အဖြစ်ခံယူနိုင်ရေး အဓိကလိုအပ်သည့် စိတ်ဓာတ်နှင့် ပညာအရာတို့ကို မြှင့်တင်ပေးကြရမည်ဖြစ်ပါသည်။ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအားလုံးသည် စိတ်ဓာတ်ကောင်းမွန်ကြပြီး အသိပညာ၊ အတတ်ပညာ၊ ဆင်ခြင်တုံတရားများဖြင့် စည်းလုံးညီညွတ်စွာ အတူလျှောက်လှမ်းကြမည်ဆိုပါက ပြည်ထောင်စုကြီး၏ ရှေ့ခရီးသည်လည်း အစဉ်ချောမွေ့သာယာနေမည်မှာ မလွဲကေန်ပင်ဖြစ်ပါသည်။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေးလုပ်ငန်းများတွင် မွန်ပြည်နယ်နှင့် မွန်တိုင်းရင်းသားများနှင့်အတူ တိုင်းရင်းသားပြည်သူအားလုံးတို့က မိမိတို့ကျရာကဏ္ဍအလိုက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကိုအခြေခံကာ ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်သွားကြရန် အလေးအနက်ထားတိုက်တွန်းလျက် ယနေ့ကျရောက် သည့် (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ကို ဂုဏ်ပြုသဝဏ်လွှာ ပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၁၈**

ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နေပြည်တော်တွင်ပြုလုပ်မည့် "Nepal– Myanmar Partnership in Digital Transformation Program" နှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များနှင့် နှစ်နိုင်ငံအကြားရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၁၈**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာနရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် Nepal–Myanmar Partnership in Digital Transformation ကို နေပြည်တော်၌ ကျင်းပမည်ဖြစ်ကြောင်း၊ အဆိုပါအခမ်းအနားတွင် ဆော့ဝဲနှင့် ဝန်ဆောင်မှုစနစ် အသုံးပြုခြင်းတို့ကို အထူးပြုပြသမည်ဖြစ်ကြောင်းနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် ဒစ်ဂျစ်တယ်အသွင်ပြောင်းရေးအစီအစဉ်တွင် နီပေါ-မြန်မာ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

# နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၁၈**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေသည် နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) ရှိ အစည်းအဝေးခန်းမ၌ ရင်းရင်းနှီးနှီးလက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့်နီပေါနိုင်ငံ ပညာရေးဝန်ကြီးဌာနတို့အကြား ဒစ်ဂျစ်တယ်အသွင်ပြောင်းရေးဆိုင်ရာအစီအစဉ်များတွင် ပညာရေးဝန်ကြီးဌာနမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကိုမြှင့်တင်ဆောင်ရွက်ရေး၊ အခြေခံပညာရေးကဏ္ဍ၊ အဆင့်မြင့်ပညာရေးကဏ္ဍနှင့် ဆရာအတတ်ပညာကဏ္ဍတို့တွင် ပိုမိုပူးပေါင်းမြှင့်တင်ဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

(သတင်းစဉ်)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃°c | / | ၃၈°c |
| ရန်ကုန် | ၂၃°c | / | ၃၉°c |
| မန္တလေး | ၂၅°c | / | ၄၁°c |

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

# Artificial Intelligence (AI) နည်းပညာဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး တက်ရောက်



**နေပြည်တော်   မတ်   ၁၈**

Artificial Intelligence (AI) နည်းပညာဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးရှိ စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက AI နည်းပညာသည် လူသားများ၏ ဘဝနေထိုင်မှုပုံစံအတွက် အရေးပါသောအစိတ်အပိုင်းတစ်ခုဖြစ်လာကြောင်း၊ ဝန်ထမ်းများအနေဖြင့် ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်နေသည့် နည်းပညာရေစီးကြောင်းတွင် နောက်ကျမကျန်ခဲ့စေရန်အတွက် ဉာဏ်ရည်တုနည်းပညာ (AI) နှင့်ပတ်သက်သည့် အသိပညာပေးဆွေးနွေးခြင်းကို ကျင်းပပေးခြင်းဖြစ်ကြောင်း။

AI နည်းပညာအသုံးပြု၍ လုပ်ငန်းများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်သကဲ့သို့ တစ်ဖက်တွင်လည်း ကျင့်ဝတ်ပိုင်းဆိုင်ရာစိန်ခေါ်မှုများ၊ ခြိမ်းခြောက်မှုများ ရှိနိုင်ကြောင်း၊ သတင်းအချက်အလက်လုံခြုံမှုရှိရေးကို ဂရုပြုရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အသိပညာပေးခြင်းဖြင့် ဝန်ထမ်းများအတွက် AI ၏ အခြေခံသဘောတရားများ၊ နိုင်ငံတကာတွင် AI နည်းပညာအသုံးချမှုများ၊ AI စွမ်းဆောင်ရည်များ၊ AI Tools များကိုအသုံးချ၍ တီထွင်ဖန်တီးမှုများ၊ Ethical ဆိုင်ရာ ကျင့်ဝတ်များ၊ စံသတ်မှတ်ချက်များ၊ AI Tools အသုံးပြုမှုနှင့်ပတ်သက်၍ လုံခြုံရေးအရ သတိပြုရမည့် အချက်များကို သိရှိနားလည်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်အောင်က AI & Law Enforcement: History Technologies & Legal Perspectives ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန Polytechnic University (ထားဝယ်) မှ တွဲဖက်ပါမောက္ခ ဒေါက်တာကြည်လဲ့လဲ့ခိုင်က Ethical Concern with Today AI ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သဉ္ဇာမေဖူးဝေက Unlocking the Power of AI ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Myday Application မှ နည်းပညာရှင် ဦးမိုးသန်းဦးက AI for Social E– Commerce ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြရာ တက်ရောက်လာကြသည့် ကော်မရှင်ရုံးဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့တွင် အင်္ဂလိပ်စာဘာသာရပ်လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၀၈၆၅၉ ဦးရှိ

**နေပြည်တော်   မတ်   ၁၈**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် စတင်ကျင်းပရာ နိုင်ငံခြားစာစစ်ဌာနအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အင်္ဂလိပ်စာဘာသာရပ်လာရောက်ဖြေဆိုသူစုစုပေါင်း ၂၀၈၆၅၉ ဦး ရှိကြောင်း သိရသည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၃ ခုနှင့် ပြည်တွင်းစာစစ်ဌာန ၈၀၄ ခု စာစစ်ဌာနစုစုပေါင်း ၈၁၇ ခုဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၂၀၈၄၃ ဦးရှိပြီး စာမေးပွဲဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူစုစုပေါင်း ၂၀၈၆၅၉ ဦး၊ ပျက်ကွက် ၁၂၁၈၄ ဦးရှိကာ ဖြေဆိုသူ ၉၄ ဒသမ ၄၈ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

(သတင်းစဉ်)

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး /ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း**

ဘာသာရပ်- အင်္ဂလိပ်စာ　　　　၁၈-၃-၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိဦးရေ | | | ဖြေဆိုဦးရေ | | | ပျက်ကွက်ဦးရေ | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၃၈၉၅ | ၆၀၇၈ | ၉၉၇၃ | ၃၃၃၆ | ၅၃၆၂ | ၈၆၉၈ | ၅၅၉ | ၇၁၆ | ၁၂၇၅ | ၈၇.၂၂% | ၁၂.၇၈% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၄၄ | ၉၇ | ၁၄၁ | ၄၂ | ၉၀ | ၁၃၂ | ၂ | ၇ | ၉ | ၉၃.၆၂% | ၆.၃၈% | |
| ၃ | ကရင် | ၆ | ၇ | ၁၂ | ၁၁၇၆ | ၂၃၆၈ | ၃၅၄၄ | ၁၀၇၆ | ၂၂၇၁ | ၃၃၄၇ | ၁၀၀ | ၉၇ | ၁၉၇ | ၉၄.၄၄% | ၅.၅၆% | |
| ၄ | ချင်း | ၂ | ၂ | ၂ | ၂၀၈ | ၃၄၈ | ၅၅၆ | ၁၄၈ | ၂၆၀ | ၄၀၈ | ၆၀ | ၈၈ | ၁၄၈ | ၇၃.၃၈% | ၂၆.၆၂% | |
| ၅ | စစ်ကိုင်း | ၁၃ | ၂၁ | ၃၅ | ၄၁၃၁ | ၆၁၇၄ | ၁၀၃၀၅ | ၃၈၄၄ | ၆၀၂၁ | ၉၈၆၅ | ၂၈၇ | ၁၅၃ | ၄၄၀ | ၉၅.၇၃% | ၄.၂၇% | |
| ၆ | တနင်္သာရီ | ၄ | ၉ | ၁၆ | ၁၇၂၈ | ၃၀၂၉ | ၄၇၅၇ | ၁၆၂၁ | ၂၉၂၀ | ၄၅၄၁ | ၁၀၇ | ၁၀၉ | ၂၁၆ | ၉၅.၄၆% | ၄.၅၄% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၇ | ၅၁၉၅ | ၇၇၉၀ | ၁၂၉၈၅ | ၄၈၆၃ | ၇၅၂၇ | ၁၂၃၉၀ | ၃၃၂ | ၂၆၃ | ၅၉၅ | ၉၅.၄၂% | ၄.၅၈% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၄၄၀၂ | ၅၇၇၀ | ၁၀၁၇၂ | ၄၁၀၃ | ၅၅၇၀ | ၉၆၇၃ | ၂၉၉ | ၂၀၀ | ၄၉၉ | ၉၅.၀၉% | ၄.၉၁% | |
| ၉ | မကွေး | ၇ | ၂၂ | ၄၉ | ၇၈၆၁ | ၁၀၇၃၉ | ၁၈၆၀၀ | ၇၃၉၄ | ၁၀၄၅၁ | ၁၇၈၄၅ | ၄၆၇ | ၂၈၈ | ၇၅၅ | ၉၅.၉၄% | ၄.၀၆% | |
| ၁၀ | မန္တလေး | ၁၀ | ၂၅ | ၈၉ | ၁၅၄၇၃ | ၂၀၀၂၇ | ၃၅၅၀၀ | ၁၄၆၉၈ | ၁၉၅၉၀ | ၃၄၂၈၈ | ၇၇၅ | ၄၃၇ | ၁၂၁၂ | ၉၆.၅၉% | ၃.၄၁% | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၃ | ၃၁၆၆ | ၆၁၈၄ | ၉၃၅၀ | ၃၀၀၄ | ၅၉၆၈ | ၈၉၇၂ | ၁၆၂ | ၂၁၆ | ၃၇၈ | ၉၅.၉၆% | ၄.၀၄% | |
| ၁၂ | ရခိုင် | ၃ | ၃ | ၈ | ၁၄၁၇ | ၁၈၄၇ | ၃၂၆၄ | ၇၄၀ | ၈၂၃ | ၁၅၆၃ | ၆၇၇ | ၁၀၂၄ | ၁၇၀၁ | ၄၇.၈၉% | ၅၂.၁၁% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၉၁ | ၁၇၇၉၈ | ၂၁၄၆၅ | ၃၉၂၆၃ | ၁၆၇၁၄ | ၂၀၆၇၂ | ၃၇၃၈၆ | ၁၀၈၄ | ၇၉၃ | ၁၈၇၇ | ၉၅.၂၂% | ၄.၇၈% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၀ | ၆၆ | ၄၈၄၂ | ၇၉၃၆ | ၁၂၇၇၈ | ၄၆၄၂ | ၇၇၅၉ | ၁၂၄၀၁ | ၂၀၀ | ၁၇၇ | ၃၇၇ | ၉၇.၀၅% | ၂.၉၅% | |
| ၁၅ | ရှမ်း(မြောက်) | ၂ | ၃ | ၄ | ၂၇၃ | ၄၁၆ | ၆၈၉ | ၂၅၄ | ၄၀၄ | ၆၅၈ | ၁၉ | ၁၂ | ၃၁ | ၉၅.၅၀% | ၄.၅၀% | |
| ၁၆ | ရှမ်း(ရှေ့) | ၆ | ၉ | ၁၂ | ၆၇၈ | ၁၀၆၇ | ၁၇၄၅ | ၆၅၁ | ၁၀၄၄ | ၁၆၉၅ | ၂၇ | ၂၃ | ၅၀ | ၉၇.၁၃% | ၂.၈၇% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၄၅ | ၁၄၈၇၆ | ၁၉၃၉၉ | ၃၄၂၇၅ | ၁၃၆၅၆ | ၁၈၅၈၁ | ၃၂၂၃၇ | ၁၂၂၀ | ၈၁၈ | ၂၀၃၈ | ၉၄.၀၅% | ၅.၉၅% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၇ | ၅၇၃၀ | ၇၁၉၆ | ၁၂၉၂၆ | ၅၄၇၃ | ၇၀၆၇ | ၁၂၅၄၀ | ၂၅၇ | ၁၂၉ | ၃၈၆ | ၉၇.၀၁% | ၂.၉၉% | |
| ၁၉ | နိုင်ငံခြား | | | ၁၃ | ၁၁ | ၉ | ၂၀ | ၁၁ | ၉ | ၂၀ | ၀ | ၀ | ၀ | ၁၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၀၄ | ၂၅၁ | ၈၁၇ | ၉၂၉၀၄ | ၁၂၇၉၃၉ | ၂၂၀၈၄၃ | ၈၆၂၇၀ | ၁၂၂၃၈၉ | ၂၀၈၆၅၉ | ၆၆၃၄ | ၅၅၅၀ | ၁၂၁၈၄ | ၉၄.၄၈% | ၅.၅၂% | |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နီကာရာဂွါသံအမတ်ကြီးအဖြစ် မစ္စတာ မာရီယို ဟိုဆေး အာမန်ဂိုလ်ကမ်းပို့စ်အား ခန့်အပ်ရန်သဘောတူ

နေပြည်တော် မတ် ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော နီကာရာဂွါသံအမတ်ကြီးအဖြစ် မစ္စတာမာရီယိုဟိုဆေးအာမန်ဂိုလ်ကမ်းပို့စ်အားခန့်အပ်ရန် နီကာရာဂွါသမ္မတနိုင်ငံအစိုးရမှ အဆိုပြုလာခြင်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ မာရီယို ဟိုဆေး အာမန်ဂိုလ်ကမ်းပို့စ် အား ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်တွင် နီကာရာဂွါသမ္မတနိုင်ငံ၊ ချွန်တာလက်စ်မြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် နီကာရာဂွါ သမ္မတနိုင်ငံ၊ မာနာဂွါမြို့ရှိ နီကာရာဂွါအမျိုးသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတက္ကသိုလ်မှ သံတမန်ရေးရာနှင့်နိုင်ငံရေးရာသိပ္ပံဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ကို ၂၀၁၉ ခုနှစ်တွင်လည်းကောင်း၊ လူမှုဗေဒနှင့်ဖွံ့ဖြိုးရေးဘာသာရပ်ဖြင့် မဟာဘွဲ့ကို ၂၀၂၂ ခုနှစ်တွင်လည်းကောင်း ရရှိခဲ့ပါသည်။ ၎င်းသည် ၂၀၂၃ ခုနှစ်၊ မေလ မှ ၂၀၂၄ ခုနှစ်၊ မေလအထိ ဒိုမီနီကန်သမ္မတနိုင်ငံဆိုင်ရာ နီကာရာဂွါသံရုံး၌ သံရုံးယာယီတာဝန်ခံနှင့် သံမှူးကြီးအဖြစ်လည်းကောင်း၊ ၂၀၂၄ ခုနှစ်မှယနေ့အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော နီကာရာဂွါသံအမတ်ကြီးနှင့် စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့်လာအိုနိုင်ငံဆိုင်ရာ ပူးတွဲတာဝန်ယူဆောင်ရွက်သည့် နီကာရာဂွါသံအမတ်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိသည်။ (သတင်းစဉ်)

# လူ့အခွင့်အရေးဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကျင်းပ




ရန်ကုန် မတ် ၁၈

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာမြင့်မားလာစေရန်ရည်ရွယ်၍ လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်ခန်းစာပို့ချမှုများ၊ စာအုပ်စာတမ်းများနှင့် သတင်းအချက်အလက်များ ဖြန့်ချိခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုများအတွက်ရေးလုပ်ငန်းစဉ်မူဘောင်အရ နှစ်စဉ်လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဝန်ထမ်းများနှင့် ကြက်ခြေနီစေတနာ့လုပ်အားရှင်များ လူ့အခွင့်အရေးအသိပညာဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်၍ လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌဦးပေါ်လွင်စိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်နှင့်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးကြက်ခြေနီအသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဝန်ထမ်းများနှင့် ကြက်ခြေနီစေတနာ့လုပ်အားရှင်များတက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌက လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပခြင်းနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက လူ့အခွင့်အရေးအခြေခံအယူအဆအကြောင်းနှင့်စပ်လျဉ်း၍ လူ့အခွင့်အရေး၏ ကျယ်ပြန့်နက်ရှိုင်းသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများအကြောင်းတို့ကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ကြက်ခြေနီလုပ်ငန်းနှင့် လူ့အခွင့်အရေးဆက်နွှယ်မှုကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက မေးခွန်းများမေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ နွေရာသီသင်တန်းများဖွင့်လှစ်



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ နွေရာသီသင်တန်းများ ဖွင့်ပွဲကျင်းပစဉ်။

နေပြည်တော် မတ် ၁၈

နိုင်ငံတကာသုံးဘာသာစကားဖြစ်သည့် အင်္ဂလိပ်စာကိုအခြေခံမှစ၍ ကျွမ်းကျင်တတ်မြောက်စေရန်၊ ကွန်ပျူတာကျွမ်းကျင်စေရန်၊ မြတ်ဗုဒ္ဓ၏အဆုံးအမဩဝါဒများ၊ တရားဒေသနာတော်များ၊ ဗုဒ္ဓရာဇဝင်တော်များနှင့် မြန်မာ့သိုင်းအခြေခံများအား သိရှိနားလည်စေရန်နှင့် ဘာသာတရားအဆုံးအမများနှင့် ထုံမွမ်းပြည့်ဝပြီး ယဉ်ကျေးလိမ္မာသည့် သားငယ်၊ သမီးငယ်များဖြစ်စေရန်ရည်ရွယ်၍ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တောင်ငူတပ်နယ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ မှီခိုသူကျောင်းသား/ကျောင်းသူများအား နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းအမှတ်စဉ်(၁/၂၀၂၅)၊ အင်္ဂလိပ်စကားပြောအခြေခံ/အဆင့်မြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)၊ ကွန်ပျူတာအခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် မြန်မာ့သိုင်း အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၂၅)ဖွင့်ပွဲများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက်တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား/သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါသင်တန်းများတွင် အင်္ဂလိပ်စကားပြောအခြေခံ/အဆင့်မြင့်သင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၆၀ ဦးဖြင့်လည်းကောင်း၊ ကွန်ပျူတာအခြေခံသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၄၀ ဦးဖြင့်လည်းကောင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၆၀ ဦးနှင့် မြန်မာ့သိုင်းအခြေခံသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၆၀ ဦးတို့ဖြင့်လည်းကောင်း ဧပြီလ ၁၁ ရက်နေ့အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi အား ဒုတိယဝန်ကြီး ဦးလွင်ဦး လက်ခံတွေ့ဆုံ



နေပြည်တော် မတ် ၁၈

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi ကို ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား လက်ရှိ ပူးပေါင်းဆောင်ရွက်နေမှုများကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြကြောင်း သိရသည်။ (သတင်းစဉ်)

# အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် မတ် ၁၈

၂၀၂၅ ခုနှစ် မတ်လ ၁၈ ရက်နေ့ မြန်မာစံတော်ချိန် ၁၄ နာရီ ၁၉ မိနစ် ၀၇ စက္ကန့်အချိန်တွင် ကန့်ဘလူမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၄၇ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပင်လည်ဘူးမြို့၏ အနောက်တောင်ဘက် ၂၆ မိုင်ခန့်အကွာ)မြောက်လတ္တီတွဒ် ၂၃ ဒသမ ၇၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၁၁ ဒီဂရီ၊ အနက် ၆၄ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၈ အဆင့်ရှိအင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ (မိုး/ဇလ)

# မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ လှုပ်ရှားမှုများဆောင်ရွက်



**နေပြည်တော် မတ် ၁၈**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ မတ်လ ၁၈ ရက်နံနက်ပိုင်းတွင် မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ လူသားမျိုးနွယ်ကိုယ်စားပြုဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အတွက် အထောက်အကူဖြစ်စေရေးနှင့် မြန်မာ့ရိုးရာသနပ်ခါးကိုတန်ဖိုးထားမြတ်နိုးတတ်စေရေးအတွက်မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ဆိုင်ရာလှုပ်ရှားမှုအစီအစဉ်များ ဆောင်ရွက်ကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဇေယျာသီရိမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြစန်းရီက မြန်မာ့သနပ်ခါးဓလေ့၏ သမိုင်းကြောင်း၊ အစဉ်အလာယဉ်ကျေးမှုများ၊ သနပ်ခါး၏အသုံးဝင်ပုံနှင့် အသုံးပြုပုံအကြောင်း၊ မြန်မာ့သနပ်ခါး၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ဆိုင်ရာလှုပ်ရှားမှုအဖြစ် သနပ်ခါးလိမ်းခြယ်ခြင်းများဆောင်ရွက်သည်။

မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ယူနက်စကိုတွင် အမည်စာရင်းတင်သွင်းနိုင်ရေးအတွက် ပြည်သူများ၏ပူးပေါင်းပါဝင်မှုရှိရန် လိုအပ်လျက်ရှိပြီး မြန်မာ့သနပ်ခါးယဉ်ကျေးမှုဆိုင်ရာအစီအစဉ်များတွင် နိုင်ငံသားအားလုံးပါဝင်ဆောင်ရွက်နိုင်ရန် သနပ်ခါးသုံးစွဲမှုနှင့်ပတ်သက်၍ မိမိတို့၏သဘောထားများ၊ သနပ်ခါးသုံးစွဲရသည့်အကြောင်းရင်းများကို စစ်တမ်းကောက်ယူ၍ UNESCO အသိအမှတ်ပြုရေးတွင် ပူးပေါင်းပါဝင်ခြင်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၄၁၃)

# မီးခိုးမြူငွေ့နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**တန့်ယန်း မတ် ၁၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာဗဟုသုတများရရှိစေရန်ရည်ရွယ်၍ နမ့်ဟူးလွယ်ကာကျေးရွာ၌ မီးခိုးမြူငွေ့နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မတ်လ ၁၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ တန့်ယန်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်လွင်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့်ဆွေးနွေးပြီး မီးခိုးမြူငွေ့လျှော့ချခြင်း၊ စနစ်တကျအမှိုက်စွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ အိမ်တွင်းညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့်ကူးစက်ရောဂါအမျိုးမျိုးနှင့်ကြိုတင်ကာကွယ်ခြင်းနည်းလမ်းများ ဆောင်ရန်ရှောင်ရန်စသည့် အသိပညာဗဟုသုတများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဦးစီးမှူး ဒေါ်ခိုင်သဇင်လတ်က ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချခြင်း၏ အကျိုးကျေးဇူးများ၊ အမှိုက်အမျိုးအစားများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများကို ဟောပြောဆွေးနွေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းဆွေးနွေးကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြောင်း သိရသည်။

**ကာရံ(ကျေးလက်)**

# ကျောက်ဆည်မြို့နယ်၌ ကုလားပဲ ၃၀၀၉၈ ဧကနှင့် ပဲစင်းငုံ ၁၄၈၃ ဧက စိုက်ပျိုးနိုင်ခဲ့

**ကျောက်ဆည် မတ် ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဒေသအတွင်းပဲမျိုးစုံဖူလုံပိုလျှံရေးတိုးချဲ့စိုက်ပျိုးလျက်ရှိရာ ကုလားပဲ ၃၀၀၉၈ ဧကနှင့်ပဲစင်းငုံ ၁၄၈၃ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် ကုလားပဲနှင့်ပဲစင်းငုံများကို ဆောင်းရာသီတွင် အဓိကထားစိုက်ပျိုးကြကြောင်းနှင့်ကုလားပဲ ၃၀၀၉၈ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင်ပျမ်းမျှ ၁၈ ဒသမ ၅၀ တင်းထွက်ရှိသည်။ ထို့ပြင်ပဲစင်းငုံ ၁၄၈၃ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကပျမ်းမျှ ၁၇ ဒသမ ၅၀ တင်းထွက်ရှိသည်။

ပဲသီးနှံမျိုးစုံစိုက်ပျိုးရာတွင် အောင်မြင်ဖြစ်ထွန်းစေရေး ခရိုင်/မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒေသနှင့်ကိုက်ညီသည့် မျိုးစေ့များ၊ စိုက်နည်းစနစ်များ၊ အပင်ပြုစုပျိုးထောင်ရိတ်သိမ်းခြင်းများကို တောင်သူများအား အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်မှာ မျိုး၊ မြေ၊ ရေ နည်းဖြစ်ပြီး သီးနှံများကို ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးရန်လိုအပ်ကြောင်း သိရသည်။



**သက်မောင်(ကျောက်ဆည်)**

## ပေးဆပ်စွန့်စား ဇာနည်များ

➢ ရွေးချယ်သည့်လမ်း၊ မည်သို့ကြမ်းစေ
မောပန်းမဟူ၊ မညည်းညူပါ
ကြည်ဖြူစိတ်မွေး၊ မေတ္တာထွေးလို့
ဖေးမကူညီ၊ ရည်ရွယ်သည်က
ပြည်သူ့ဘဝ လှစေရေး။

➢ ပေးအပ်ဝန်ထမ်း၊ မည်သို့ပန်းစေ
နွမ်းလျမဟူ၊ မငြူစူပါ
ပြည်သူအတွက်၊ ရည်ရွယ်ချက်နှင့်
ခက်ခဲဝန်တာ၊ ထမ်းဆောင်ပါမည်
ပြည်ရွာမြော်တွေး အေးချမ်းရေး။

➢ ရွေးချယ်ဘဝ၊ ခံမင်ရ၏
ငယ်ကစသည်၊ ထမ်းခဲ့လီလီ
ရွှေပြည်တစ်လွှား၊ ဝန်တာများနှင့်
စစ်သားဇာနည်၊ ကြာညောင်းပြီလည်း
ပြည်သာစေတွေး ကူညီပေး။

➢ ဩော်...
ပြည်သူ့စစ်သား၊ ပြည်သူ့ကြားက
ပေါက်ဖွားခဲ့သည်၊ သန္ဓေတည်ခဲ့
တိုင်းပြည်ကိုချစ်၊ ဂုဏ်အနှစ်နှင့်
သစ္စာတရား၊ လက်ကိုင်ထား၍
စွန့်စားဆောင်ကြဉ်း၊ သွေးသက်ခင်း၍
အပ်နှင်းဝန်တာ၊ ကျေပွန်ပါ၏
ကာကွယ်တံ့ပြန်၊ နိုင်ငံ့ရန်ကို
တွန်းလှန်သတိ၊ အမြဲရှိ၍
သတ္တိရဲသွေး၊ ဂုဏ်ရောင်မွေးသည့်
ပေးဆပ်စွန့်စား ဇာနည်များ။
မွေးမပြတ်ထွန်းကား ဘာမထီဘွား။ ။

**အောင်နိုင်သူ(ဇွဲကပင်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၃-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၆:၀၀ မေတ္တာပို့
၂။ ၀၈:၀၀ မောင်မယ်လေးများ သိစေချင်
၃။ ၀၉:၀၀ မြဝတီရုပ်မြင်သံကြား သတင်း
၄။ ၁၀:၀၀ နိုင်ငံတကာသတင်း
၅။ ၁၁:၀၀ သီချင်းလက်ဆောင်
၆။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
၇။ ၁၃:၀၀ အမှတ်တရ နေ့ရက်များ
၈။ ၁၄:၀၀ Sharing Knowledge
၉။ ၁၅:၀၀ မြန်မာသံစဉ် ချိုနားဝင်
၁၀။ ၁၇:၀၀ မွေးမြူသုတ
၁၁။ ၁၉:၀၀ **ရုပ်မြင်သံကြား ဇာတ်လမ်း ခိုင်မြဲသောသစ္စာ သရုပ်ဆောင် စိုးသီဟ၊ ခင်လေးနွယ် ဒါရိုက်တာ-ဟန်စိုး (မြစ်ကျိုး)**
**(ည ၈ နာရီ သတင်းအပြီး)** နိုင်ငံတကာသတင်း
မိုးလေဝသသတင်း

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# ပြည်သူ့ကျန်းမာရေးဦးစီးဌာန ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၁၈

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည်တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲနှင့် ရောဂါမျိုးသယ်ဆောင်သော ပိုးမွှားကောင်များမှတစ်ဆင့် ကူးစက်တတ်သောရောဂါများကာကွယ်နှိမ်နင်းရေးဌာနစိတ်တို့မှ ၂၀၂၄ ခုနှစ်အတွင်းဆောင်ရွက်ခဲ့သော လုပ်ငန်းများအတွက် နှစ်ပတ်လည်လုပ်ငန်းဆန်းစစ်အစည်းအဝေးနှင့်အနာကြီးရောဂါတိုက်ဖျက်ရေးဌာနစိတ်၏ ရောဂါဖြစ်သူနှင့်အနီးကပ်ထိတွေ့သူများအား (Single Dose Rifampicin) ဆေးတိုက်ကျွေးခြင်းဖြင့် ကာကွယ်ခြင်းလုပ်ငန်းဆောင်ရွက်ရန် ဗဟိုအဆင့်အသိပေးဆွေးနွေးပွဲများကိုယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ် (၄)၌ ကျင်းပသည်။



ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်း၊ ကာကွယ်ဆေးအကြိမ်ပြည့် သို့မဟုတ် လုံးဝထိုးနှံတိုက်ကျွေးခြင်း မပြုရသေးသော အသက်ငါးနှစ်အောက်ကလေးငယ်များအား Catch-up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်း၊ အစုအဝေးဖြင့် နေထိုင်သည့်နေရာများမှ ကလေးများအတွက် အသက် ၁၅ နှစ်အထိ သတ်မှတ်ပြီး Special Immunization Activities ဆောင်ရွက်ခြင်းလုပ်ငန်း၊ ကာကွယ်ဆေးနှင့်ကာကွယ်၍ရသောရောဂါများအစုလိုက်ဖြစ်ပွားချိန်တွင် ဆောင်ရွက်သည့်တုံ့ပြန်ကာကွယ်ဆေးထိုးနှံခြင်း (Outbreak Response Immunization)၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အတူ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်နှစ်စပိုင်းတွင် ငှက်ဖျားရောဂါကူးစက်ဖြစ်ပွားမှုကို လျှော့ချနိုင်ရန်အတွက် ငှက်ဖျားတိုက်ဖျက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရေး "ငှက်ဖျားရောဂါ ကူးစက်ဖြစ်ပွားမှုလျှော့ချနိုင်ရေး (၆)လ စီမံချက်"ကို ရေးဆွဲပြီးဖြစ်သဖြင့် အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တို့တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသေဆုံးမှု သိသိသာသာ ကျဆင်းခဲ့ကြောင်း၊ ရောဂါကာကွယ်နှိမ်နင်းရေးအတွက် လိုအပ်သည့်ဆေးနှင့် ဆေးပစ္စည်းများအတွက် နှစ်စဉ်နိုင်ငံတော်၏ အသုံးစရိတ်များမှ ခွဲဝေချထားပေးလျက်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ ဖြန့်ဝေပေးထားပြီး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကိုကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ဆင်ခြေထောက်ရောဂါပိုး ကူးစက်မှုဆန်းစစ်ချက်ရလဒ်များအရ ဆင်ခြေထောက်ရောဂါပိုးကူးစက်မှုမတွေ့ရှိသဖြင့် ၂၀၃၀ ပြည့်နှစ်တွင် ဆင်ခြေထောက်ရောဂါ ကင်းဝေးရေးရည်မှန်းချက်ပြည့်မီနိုင်တော့မည်ဖြစ်ကြောင်း။

အနာကြီးရောဂါဖြစ်ပွားသူ လူနာသစ်အရေအတွက်မှာ သိသာထင်ရှားစွာ လျော့နည်းလာသော်လည်း ရောဂါကူးစက်မှုရှိနေဆဲဖြစ်ပြီး အနာကြီးရောဂါလူနာသစ်များဆက်လက်တွေ့ရှိနေရသေးသဖြင့် ကြိုတင်ကာကွယ်မှုလုပ်ငန်းအနေဖြင့် Rifampicin ဆေးတစ်ကြိမ်သောက်သုံးခြင်းဖြင့် အနာကြီးရောဂါကူးစက်ဖြစ်ပွားနိုင်ခြေကိုလျှော့ချနိုင်သည့်အတွက်အနာကြီးရောဂါလူနာနှင့် အိမ်အတူ နေသူများအား Rifampicin ဆေးတစ်ကြိမ် တိုက်ကျွေးခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်၍ Single Dose Rifampicin ဆေးတိုက်ကျွေးခြင်း လုပ်ငန်းနှင့်ပတ်သက်၍ ဗဟိုအဆင့်ဆရာဖြစ်သင်တန်းနှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ဆင့်ပွားသင်တန်းများကိုလည်း သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်များ၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၊ ငှက်ဖျားရောဂါဆိုင်ရာနှင့် အနာကြီးရောဂါဆိုင်ရာ နည်းပညာအကြံပေးပညာရှင်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ညွှန်ကြားရေးမှူးများ၊ ဗဟိုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ ကျန်းမာရေးဝန်ထမ်းများ၊ အထူးဖိတ်ကြားထားသောဧည့်သည်တော်များတက်ရောက်ကြပြီး သက်ဆိုင်ရာဌာနခွဲများမှ နှစ်ပတ်လည်လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲများကို ဆက်လက်ပြုလုပ်ကြရာ တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Eduardo Jose A.De Vega(Deputy Foreign Minister, Undersecretary for Migrant Workers' Affairs, Department of Foreign Affairs) အား ဒုတိယဝန်ကြီး ဦးကိုကိုကျော် လက်ခံတွေ့ဆုံ



နေပြည်တော် မတ် ၁၈

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Eduardo Jose A.De Vega (Deputy Foreign Minister, Undersecretary for Migrant Workers' Affairs, Department of Foreign Affairs) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ရောဝတီခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံကောင်စစ်ရေးရာကိစ္စရပ်များ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအခွင့်အလမ်းရှာဖွေရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

**○ ရှေ့ဖုံးမှအဆက်**

ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် ယနေ့ညနေပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် မော်လမြိုင်လေဆိပ်သို့ ရောက်ရှိကြရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တိုင်းရင်းသားရိုးရာအဖွဲ့များက နွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။


ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်အဖွဲ့သည် မော်လမြိုင်မြို့ သမိန်ဗရမ်း(ဘက်စုံသုံးကွင်း)၌ကျင်းပသည့် (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းများ၊ MSME ဒေသထွက်ကုန်နှင့် ရိုးရာအစားအစာ အရောင်းတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်နေ့အထိမ်းအမှတ်ပြခန်းများ၊ ဒေသထွက်ကုန်နှင့် ရိုးရာအစားအစာအရောင်းဆိုင်များ ခင်းကျင်းပြသမှု ရည်ရွယ်ချက်နှင့် ပြည်နယ်အတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နှင့်အတူ ပြခန်းဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်တို့က ပြခန်းများဖွင့်ပွဲအခမ်းအနားကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး တောင်သူတစ်ဦးထံ မျိုးစေ့ချကိရိယာပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး မွန်ပြည်နယ်နေ့အထိမ်းအမှတ်ပြခန်းများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

ပြခန်းများဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာပြီး အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့်အဖွဲ့သည် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် မျိုးစေ့ချကိရိယာချီးမြှင့်ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး မြို့နယ်အလိုက် တောင်သူများထံသို့ မျိုးစေ့ချကိရိယာများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့်အဖွဲ့သည် မွန်ပြည်နယ်နေ့အထိမ်းအမှတ်ပြခန်းများ၊ MSME ဒေသထွက်ကုန်နှင့် တိုင်းရင်းသားရိုးရာအစားအစာအရောင်းပြခန်းများ ခင်းကျင်းပြသ ရောင်းချနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပြခန်းများကို မွန်ပြည်နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ချက်များကို တိုင်းရင်းသားပြည်သူများ လေ့လာသိရှိနိုင်စေရန်နှင့် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ဆိုင်ရာများ၊ တိုင်းရင်းသားရိုးရာအစားအစာများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရေးရည်ရွယ်၍ ခင်းကျင်းပြသခြင်းဖြစ်ပြီး လယ်ယာကဏ္ဍကြီးပြခန်း(၉)ခန်း၊ စက်မှုကဏ္ဍကြီးပြခန်း(၁၀)ခန်း၊ ဝန်ဆောင်မှုကဏ္ဍကြီးပြခန်း(၉)ခန်း၊ ပညာရေးပြခန်း(၇)ခန်း၊ ကျန်းမာရေးပြခန်း (၈)ခန်း၊ အသေးစား၊ အငယ်စား၊ အလတ်စားထုတ်ကုန်အရောင်းပြခန်း(၂၁) ခန်းအပြင် မြန်မာ့သနပ်ခါးကို တန်ဖိုးထားတတ်စေရန်ရည်ရွယ်၍ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ပြခန်းကိုလည်း ထည့်သွင်းပြသထားကြောင်း သိရသည်။

(သတင်းစဉ်)







## ၁၈-၃-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၅၁၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"**အစီအစဉ်မှ **"သံဃာတော်တွေကိုတစ်ပြန်တစ်လှည့်သတ်ဖြတ်လာတဲ့ အကြမ်းဖက်သမားများ"**ခေါင်းစဉ်ဖြင့် ၁၉-၃-၂၀၂၅ ရက်**(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **"တားဆီးနှောင့်ယှက်မှုများကြားမှ ပွင့်လန်းလာတဲ့ပန်းကလေးများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ မနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့်ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# International Buddhist Confederation (IBC) မှ အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား လာရောက်တွေ့ဆုံ



**နေပြည်တော် မတ် ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား အိန္ဒိယနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဗုဒ္ဓဘာသာအဖွဲ့အစည်းတစ်ခုဖြစ်သည့် International Buddhist Confederation (IBC) အထွေထွေအတွင်းရေးမှူး Ven.Shartse Khensur Rinpoche JangchupChoeden နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဗုဒ္ဓသာသနာထွန်းကားသည့် နိုင်ငံငါးနိုင်ငံသာမက ကမ္ဘာလုံးဆိုင်ရာ ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားရေး၊ ပါဠိဘာသာပြန့်ပွားရေး၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် မီဒီယာကဏ္ဍ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးချက်နှင့်အညီနေထိုင်သွားရေး၊ နှစ်နိုင်ငံ မီဒီယာသင်တန်းများ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် International Buddhist Confederation(IBC)မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire ကို ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၁၈**

ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နီလာခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် စာရင်းစစ်ဆေးရာ၌ Manual မှ Digital စနစ်သို့ ပြောင်းလဲလာမှုများ၊ နည်းပညာအသုံးချဆော့ဝဲလ်များ အသုံးပြုနေမှု၊ သတင်းအချက်အလက်နှင့် နည်းပညာ အသုံးပြု၍ IT Audit ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၈**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ယနေ့ မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင်ပြုလုပ်မည့် “Nepal-Myanmar Partnership in Digital Transformation Program” ဆိုင်ရာကိစ္စရပ်များ၊ နီပေါနိုင်ငံတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ၌ ဒစ်ဂျစ်တယ်စနစ်ဖြင့် လုပ်ငန်းဆောင်တာများ စနစ်တကျ လျင်မြန်စွာဆောင်ရွက်နိုင်မှု၊ စီးပွားရေးလုပ်ငန်းများတွင် ဒစ်ဂျစ်တယ်ထိရောက်စွာ အသုံးချဆောင်ရွက်နိုင်မှု၊ စက်မှုဇုန်များ၌ လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် ဘဏ်လုပ်ငန်းစနစ်များဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများနှင့် မြန်မာနိုင်ငံတွင်လည်း ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုအောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးလိုသည့် အခြေအနေများ၊ စက်မှုဝန်ကြီးဌာနအနေဖြင့် ဒစ်ဂျစ်တယ်အသွင် ကူးပြောင်းရေးနှင့် စပ်လျဉ်း၍ MSME လုပ်ငန်းများအတွက် လိုအပ်သောဒစ်ဂျစ်တယ်ဆိုင်ရာ အသိပညာများကို ထိရောက်စွာဖြန့်ဝေပေးနိုင်မှု၊ ဝန်ထမ်းများအတွက်လည်း ဒစ်ဂျစ်တယ်အသုံးပြုမှုအသိပညာများ တိုးမြှင့်ရရှိနိုင်ရေး ဆောင်ရွက်ပေးနေမှု၊ ဆိုရှယ်မီဒီယာများကို အသုံးပြု၍ ဈေးကွက်မြှင့်တင်ရေးဆောင်ရွက်နေမှု၊ Digital Tools အသုံးပြု၍ လုပ်ငန်းအချက်အလက် စီမံခန့်ခွဲနိုင်မှုနှင့် ငွေကြေးစီမံခန့်ခွဲနိုင်စေရန်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ဒစ်ဂျစ်တယ်အသွင်



ကူးပြောင်းရေးကဏ္ဍတွင် နီပေါနိုင်ငံနှင့်အတူ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေတို့ကို ရင်းရင်းနှီးနှီး အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

ထို့နောက် စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်သည့် ရှင်းလင်းဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (၁၊ ၂၊ ၃၊ ၄၊ ၆၊ ၇)စက်မှုဇုန်၌ကျင်းပရာ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် Virtual စနစ်ဖြင့် ပါဝင်တက်ရောက်သည်။

အဆိုပါဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ စက်မှုလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီးက အမှာစကားပြောကြားသည်။

ယင်းနောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ လှိုင်သာယာ(၁၊ ၂၊ ၃၊ ၄၊ ၆၊ ၇)စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဒုတိယဥက္ကဋ္ဌနှင့် ဆွေးနွေးပွဲတက်ရောက်လာကြသည့် စက်မှုလုပ်ငန်းရှင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၈**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E.Mr. Harishchandra Ghimire ကို ယနေ့မွန်းလွဲပိုင်းတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၂၅ ခုနှစ် မတ်လအတွင်း ရန်ကုန်မြို့နှင့် နေပြည်တော်တွင် “Nepal-Myanmar Partnership in Digital Transformation Program” ခေါင်းစဉ်ဖြင့် ကျင်းပမည့်ကိစ္စနှင့်စပ်လျဉ်း၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှသက်ဆိုင်ရာကဏ္ဍများအလိုက် Information and Technology (IT) နည်းပညာရပ်များကို လက်တွေ့တာဝန်ယူ ဆောင်ရွက်နေသည့် ဝန်ထမ်းများကို အဆိုပါအစီအစဉ်များသို့ ပါဝင်တက်ရောက်ပေးပါရန်ဖိတ်ကြားလိုသည့် ကိစ္စရပ်များ၊ ဘာသာရေးနှင့်ယဉ်ကျေးမှုနယ်ပယ်များတွင် IT နည်းပညာဖြင့် ဝန်ဆောင်မှုပေးနိုင်မည့်ကိစ္စရပ်များအပေါ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ (သတင်းစဉ်)



# ကျောင်းသားလူငယ်များ နွေရာသီအားကစားအခြေခံသင်တန်းများတွင်ပါဝင်တက်ရောက်ရေး ဝိုင်းဝန်းကြိုးပမ်းပေး

နွေရာသီကျောင်းပိတ်ပြီ၊ တစ်နှစ်ပညာသင်နှစ်ပြီးဆုံးလို့စာမေးပွဲကိုအတတ်နိုင်ဆုံး ကြိုးစားဖြေဆိုကာ သုံးလတာ ကျောင်းတက်ပညာသင်ယူမှုမှ ကင်းလွတ်ကြပြီပေါ့။ ကိုယ်ငယ်စဉ်က စာမေးပွဲဖြေဆိုဖို့ အိမ်ထဲမှာမိဘမျက်စိအောက် စာကြိုးစားကျက်စဉ် လမ်းပေါ်မှာစာမကျက်ဘဲ ဆော့ကစားနေကြတဲ့ အိမ်နီးချင်းကိုယ့်သူငယ်ချင်းများကို အားကျမိခဲ့သည်။ အခုတော့ မိဘရဲ့စေတနာတန်ဖိုးကို နားလည်မိသည်။ ဘဝကံကြမ္မာအလှည့်အပြောင်းအရ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှာ အရာထမ်းတစ်ယောက်ဖြစ်ခဲ့ပါတယ်။ ယခင်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ အငယ်တန်းစာရေးဘဝကနေပြန်တမ်းဝင်အရာရှိတစ်ယောက်ဖြစ်အောင် ဆယ်စုနှစ်ဝက်နီးပါးထိ အချိန်ယူကာ ယခင်အခေါ် ဝန်ထမ်းရွေးချယ်ရေးအဖွဲ့က နေ့စဉ်ထုတ်သတင်းစာများမှခေါ်ယူသော မိမိဘွဲ့နှင့်ကိုက်ညီသော ရာထူးဝင်ရောက်ဖြေဆိုရင်း အားကစားနှင့်ကာယပညာဦးစီးဌာနမှာ ဦးစီးအရာရှိ(စီမံ)ရာထူးဖြင့် ရွေးချယ်ခန့်အပ်ခြင်းခံရသည်၊ အားကစားဆိုင်ရာရုံးလုပ်ငန်းများကို ဦးစီးဌာနနှင့်ဝန်ကြီးရုံးတွင် တစ်လှည့်စီပေးအပ်ရာတာဝန်ကိုကျေပွန်စွာထမ်းဆောင်ရာက ယခုအားကစားနှင့်ကာယပညာဦးစီးဌာန လူထုအားကစားနှင့်ပညာပေးဌာနခွဲတွင် တာဝန်ယူရသည်။ အလုပ်စတင်ဝင်စဉ်က ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ အပြည်ပြည်ဆိုင်ရာအားကစားရေးရာဌာနစုမှာ အားကစားတာဝန်ဖြင့် ပြည်ပထွက်ခွာမည့်အဖွဲ့များအတွက် အစိုးရအဖွဲ့ရုံးသို့ အမှာစာတင်ပြခြင်းကအစ နိုင်ငံကူးလက်မှတ်ရရှိရေးဆောင်ရွက်ပေးခြင်း၊ နိုင်ငံခြားငွေလဲလှယ်ဆောင်ရွက်ပေးရခြင်းမှသည် လေဆိပ်ထိပို့ဆောင်ခြင်း၊ ကြိုဆိုခြင်းလုပ်ငန်းတို့ကို ရုံးပိတ်ရက်မကျန် တာဝန်ကျေအောင်ဆောင်ရွက်ပေးရသည်။

ထိုမှတစ်ဖန် ဝန်ကြီးရုံးတစ်လှည့် တာဝန်ထမ်းဆောင်ရပြန်သည်။ နောက်တစ်ဖန် အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားစီမံကိန်းနှင့်သုတေသနဌာနခွဲတွင် ညွှန်ကြားရေးမှူးတာဝန်ပေးအပ်ခြင်းခံရပြန်တော့ အတတ်နိုင်ဆုံး အားကစားစီမံကိန်းနှင့် သုတေသနကော်မတီနဲ့ စီနီယာပညာရှင်များရဲ့ အကြံဉာဏ်နဲ့အဓိကအားဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအားကစားပြိုင်ပွဲတွေမှာ အားကစားအသင်းတွေရဲ့ နည်းပြ/အုပ်ချုပ် အားကစားသမားများရဲ့စစ်တမ်းကောက်ယူပြုစုပြီး ပြိုင်ပွဲ၏ရလဒ်ပေါ်မူတည်၍ တစ်သင်းချင်း၏အားသာချက်၊ အားနည်းချက်များကို ဌာနအကြီးအကဲထံ တင်ပြခဲ့မှုအပေါ် ပြည်ထောင်စုဝန်ကြီး၏အရေးတယူနဲ့ မှတ်ချက်ကောင်းတွေ၊ လမ်းညွှန်မှုတွေ ပေးခြင်းခံရတာကို ဂုဏ်ယူမိခဲ့သည်။

ထိုမှတစ်ဖန် နှစ်စဉ်ကျင်းပနေကျ ဒီဇင်ဘာလလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ်ဆောင်းပါးပြိုင်ပွဲကိုလည်း မိမိရဲ့အားကစားဌာနမှာ တာဝန်ထမ်းဆောင်ရတဲ့အတွေ့အကြုံကလေးတွေနဲ့ဝင်ပြိုင်ဖြစ်ခဲ့ပါတယ်။ ဒုတိယအကြိမ်မြောက်ဝင်ပြိုင်ခဲ့တဲ့ ၂၀၂၃ ခုနှစ်ဆောင်းပါးပြိုင်ပွဲမှာ ဒုတိယဆုရရှိခဲ့သည်။ အဲဒီဆုရရှိခြင်းကလည်း ကျွန်တော့်ကိုအခြားဌာနခွဲတစ်ခုဖြစ်တဲ့ ယခုလက်ရှိတာဝန်ယူနေရသော လူထုအားကစားနှင့်ပညာပေးဌာနခွဲကို ပြောင်းရွှေ့စေခြင်းခံရပါ



တယ်။ ယခင်ညွှန်ကြားရေးမှူး ဦးဌေးအောင် (သက်ပြည့်အငြိမ်းစား) ယူချိန် ပြည်ထောင်စုဝန်ကြီးက ကျွန်တော့်ကို "ခင်ဗျားကဆောင်းပါးဆုရရှိထားတော့ ဒီဌာနနှင့်သင့်လျော်လို့ပြောင်းပေးတာ"ဆိုပြီး ရာထူးတိုးသူများနှင့် ပြောင်းရွှေ့သူများကို ခေါ်ယူတွေ့ဆုံဩဝါဒပေးတဲ့နေ့တွင် အများရှေ့မှာ ဂုဏ်ပြုပြောဆိုခဲ့လို့ ကျွန်တော်အံ့အားသင့်ခဲ့ရပါတယ်။ ယခုတစ်ဖန်လည်း တစ်ချိန်က ကျွန်တော့်ရဲ့ဦးစီးအရာရှိဘဝ ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့တဲ့ ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ ညွှန်ကြားရေးမှူး တာဝန်ယူခဲ့ဖူးတဲ့ လက်ရှိပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်ကလည်း EC အစည်းအဝေးမှာ "နေ့စဉ်ထုတ်သတင်းစာတွေမှာ အားကစားဆိုင်ရာဆောင်းပါးတွေ တစ်လတစ်ပုဒ်လောက်တော့ရေးပါ"လို့ တာဝန်ပေးအပ်ပြန်တော့ကျွန်တော်ယခုဆောင်းပါးကို စတင်ရေးသားရပါတော့တယ်၊ ကိုယ့်အတွေ့အကြုံနဲ့ ဌာနအကျိုးပြု နိုင်ငံ့အကျိုးပြုစာပေများ ရေးသားလိုစိတ်ရှိတဲ့အတွက် ယခုလိုကြိုးစားရေးသားရခြင်းဖြစ်ပါတယ်။

ယခုရေးတဲ့ဆောင်းပါးက လက်ရှိကျောင်းပိတ်ရာသီနဲ့ကိုက်ညီတဲ့ဆောင်းပါးလေးပါ။ မိမိဌာနခွဲတာဝန်များအနက် နွေရာသီအားကစားသင်တန်းများဆိုင်ရာကိစ္စလည်းပါဝင်ပါတယ်။ ဟိုယခင်နှစ်များကလို ပြည်နယ်နှင့်တိုင်းဒေသကြီးများရဲ့ အားကစားလှုပ်ရှားမှုတွေကို အကဲဖြတ်အမှတ်ပေးရာမှာ ဒီ Topic လည်း အရေးပါပါတယ်။ ယခုနှစ်အတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးတွေအားလုံး နွေရာသီအားကစားသင်တန်းများဖွင့်လှစ်ကြဖို့ အမှန်တကယ်ဆောင်ရွက်နိုင်မည့် အားကစားသင်တန်းများဖွင့်လှစ်ရေးစီမံချက်ကို တောင်းခံပြီး ဌာနအကြီးအကဲထံ ပြုစုတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယခုတစ်ဖန် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးဌာနများမှာရှိတဲ့ ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းအားလပ်ရက်ကို အကျိုးရှိစွာဖြတ်သန်းနိုင်စေရန် နိုင်ငံအကျိုးပြု ဗလငါးတန်ဖွံ့ဖြိုးသော လူငယ်လူရွယ်များဖြစ်လာစေရေး တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေရေး အလို့ငှာ နွေရာသီအားကစားသင်တန်းများဖွင့်လှစ်ရေးကို ဌာနအကြီးအကဲက တာဝန်ပေးလို့ ပြေးခုန်ပစ်၊ ရေကူး၊ တိုက်ကွမ်ဒို၊ ဝူရှူးနှင့်ဘောလုံးအားကစားနည်း ငါးနည်းကို ပြည်ထောင်စုဝန်ကြီးဌာနများသို့ တရားဝင်အကြောင်းကြားပေးပို့ဆောင်ရွက်ထားရှိသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကလည်း ပြီးသွားတာမကြာသေးပါဘူး။ ကျွန်တော်တို့ဌာနကလည်း လူထုအားကစား(လူများစုပါဝင်ကစားခွင့်)မှသည် ထူးချွန်ထက်မြက်တဲ့ နိုင်ငံ့လက်ရွေးစင် အားကစားသမားများထွက်ပေါ်လာပါက တိုင်းတစ်ပါးမြေမှာ အမိနိုင်ငံတော်ရဲ့အလံကို ပြိုင်ဘက်နိုင်ငံအလံများရဲ့ထိပ်(အလံတိုင်ထိပ်)ထိရောက်အောင် စွမ်းဆောင်နိုင်မည့်အားကစားသူရဲကောင်းတွေပေါ်ထွက်အောင်ကြိုးစားရမည့်တာဝန်က အခြားဌာနတွေထက် ပိုအရေးကြီးတယ်၊ ပိုမိုမွန်မြတ်တယ်လို့ ခံယူထားပါတယ်။ ဒါကြောင့် ကျွန်တော်လည်း အလုပ်ဝင်ခါစကကျွန်တော့်ဌာနခွဲ ညွှန်ကြားရေးမှူး ဦးမောင်ဝင်းရဲ့ လမ်းညွှန်စကားဖြစ်တဲ့ "ဝန်ထမ်းဘဝမှာ ကိုယ်ကျရာတာဝန်ကိုစေတနာနဲ့ပေါင်းဖက်လုပ်ပါ"ဆိုတဲ့စကားကို ယနေ့ထိ သတိရ၊ အမှတ်တရနှင့်ပင်စင်ယူချိန်ထိနာခံလျက်ကြိုးစားတာဝန်ထမ်းရွက်နေမှာပါ။

မိဘများကလည်းနွေရာသီအားကစားသင်တန်းများကို မိမိတို့သားသမီးများကို အရောက်ပို့ဖို့ရန် အမျိုးသားရေးတာဝန် (National Task)လို့ သဘောထားကာ ဆောင်ရွက်စေလိုပါတယ်။ ကျွန်တော့်ဌာနခွဲမှာ "အားကစားပြတိုက်"ရှိပါတယ်။ ဧည့်သည်တွေလာကြည့်ရင် ဗိုလ်ကြီးတင်အောင်(ဂိုး)၊ ဗိုလ်မှူးဗဟာဒူး၊ ဗိုလ်ကြီးမောင်မောင်၊ ဆပ်သီး(ခ)သန်းစိုး၊ ဦးအေးမောင်ကြီး၊ ဗိုလ်ကြီးအေးမောင်လေးတို့ခေတ်က အာရှလူငယ်ဘောလုံးပြိုင်ပွဲတွေမှာချန်ပီယံသုံးကြိမ်ဖြစ်ခဲ့ဖူးတာ၊ ကျွန်းဆွယ်ပွဲ (အရှေ့တောင်အာရှ) အားကစားပြိုင်ပွဲမှာ မြန်မာဘောလုံးအသင်း ငါးကြိမ်ဆက်တိုက် ချန်ပီယံဖြစ်ခဲ့ဖူးတာ၊ ဦးမြင့်အောင်က ကျွန်းဆွယ်ပြိုင်ပွဲတစ်ခုတည်းမှာကျွမ်းဘားအားကစားနည်းနဲ့ရွှေခြောက်ခု၊ ဒေါ်ဂျနီဖာတင်လေးက ကျွန်းဆွယ်ပွဲတစ်ခုတည်းမှာ မတူညီတဲ့အားကစားနည်းနှစ်ခုဖြစ်တဲ့ အပစ်အားကစားနဲ့ ဘော်လီဘောအားကစားနည်းနှစ်ခုလုံးမှာ ရွှေတံဆိပ်နှစ်ခုယူနိုင်ခဲ့တာ၊ သူတို့ရဲ့ငယ်ရွယ်နုပျိုတဲ့ဘဝကို အားကစားလောကထဲမှာ မြှုပ်နှံကာ နိုင်ငံတော်အတွက်ပေးဆပ်ကာ တာဝန်ကျေခဲ့ကြကြောင်း စသဖြင့်စိတ်ဓာတ်ခွန်အားတက်ကြွအောင် ပြောရပါတယ်။ လက်ရှိ နိုင်ငံတော်အစိုးရလက်ထက်မှာ နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြတဲ့ လက်ရွေးစင်အားကစားသမားဟောင်းကြီးများအပါအဝင် လက်ရှိနိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကို ယခင်ကထက်အဆပေါင်းများစွာရရှိအောင် ပံ့ပိုးနေတယ်ဆိုတာ ပြောပြီး ကျောင်းသားလူငယ်တွေ အားကစားကို စိတ်ပါဝင်စားဖို့လိုကြောင်း တိုက်တွန်းနှိုးဆော်ပြောကြားရပါတယ်။

မြန်မာ့အားကစားအောင်မြင်မှုသမိုင်း ပြန်သုံးသပ်ရလျှင် မြန်မာ့အားကစားအဖွဲ့တွင် ဘောလုံး၊ ဘော်လီဘော၊ ရေကူး၊ ပြေးခုန်ပစ်၊ ကျွမ်းဘားတို့ ရွှေရောင်လွှမ်းသည့်ခေတ်က အမျိုးသားအားကစားပွဲတော်တစ်ကြိမ်မျှကျင်းပခဲ့ခြင်းမရှိတာကို လေ့လာကြည့်ရင်သိရှိရမှာဖြစ်ပါတယ်။ ၁၉၇၀ ပြည့်နှစ်ဝန်းကျင် ကျွန်တော်တို့ကျောင်းသားခေတ်ကဆိုလျှင် ရပ်ကွက်/ ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ၊ အခြေခံမူလတန်းကျောင်းအားကစားပြိုင်ပွဲများ၊ ဘောလုံးပြိုင်ပွဲများ ခြိမ့်ခြိမ့်သဲကျင်းပခဲ့တာ အမှတ်ရမိပါတယ်။ ကျောင်းသားအရွယ်ဆိုတာ အပူပင်ကင်းပါတယ်၊ အသွေးအရောင်ကင်းပါတယ်၊ ကျွန်တော်တို့က လမ်းကြောင်းမှန် (အားကစားလမ်းကြောင်း)ပေါ် ဝိုင်းဝန်းတွန်းတင်ပေးကြဖို့လိုပါတယ်။

ကျွန်တော်ဆိုလည်း ကျောင်းသားအရွယ်က ယနေ့ထိ အားကစားကို ခုံမင်စွာကစားဆဲပါ။ သို့သော် ကျွန်တော် မထူးချွန်ပါ၊ ဘာကြောင့်လဲဆိုတော့ နည်းပြကောင်းတွေဆီမှာ စနစ်တကျမသင်ယူခဲ့ဖူးလို့ပါ။ ကျွန်တော့်အနေဖြင့် ပြည်သူ့ကောင်စီခေတ်က မြို့နယ်ဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲများအဆင့်ထိသာ ကစားဖူးပါတယ်၊ ဒါကြောင့် ယနေ့ခေတ်ကျောင်းသားလူငယ်များ ကျွန်တော်တို့အားကစားနှင့်ကာယပညာဦးစီးဌာနက ခန့်အပ်ထားတဲ့ ဝါရင့်သမ္ဘာရင့်အားကစားနည်းပြတွေဆီမှာ မိမိတို့ရဲ့ရင်သွေးငယ် ကျောင်းသား၊ ကျောင်းသူများကို နှစ်သက်တဲ့ အားကစားနည်းတစ်ခုခုမှာ လာရောက်သင်ယူကြပါလို့ တိုက်တွန်းလိုပါတယ်။

၁၄-၂-၂၀၂၅ ရက်နေ့က နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံတွင် ကာယပညာနှင့်အားကစားနည်းပြ(မွမ်းမံ)သင်တန်း အမှတ်စဉ်(၂) သင်တန်းသား၊ သင်တန်းသူများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က သိမှတ်ဖွယ်ရာများကို အမှာစကားပြောကြားခဲ့သည့်အပြင် ကျွန်တော်တို့ဌာန ညွှန်ကြားရေးမှူးချုပ်က Sport Lecture ပို့ချရာတွင်လည်း "အခြေခံပညာဦးစီးဌာနက ကာယဆရာ၊ ဆရာမများအနေနဲ့ တာဝန်ကျရာဒေသမှာ အားကစားသင်တန်း၊ အားကစားပြိုင်ပွဲများကျင်းပရင်ကျွန်တော်တို့ဌာနမှ အားကစားအရာရှိများနဲ့ လက်တွဲညှိနှိုင်း ဆောင်ရွက်ကြဖို့၊ အားကစားနှင့်ပတ်သက်ပြီး လိုအပ်တာရှိရင် ပူးပေါင်းဆက်သွယ်ပေးဖို့" တာဝန်နှင့်စေတနာ ပေါင်းစပ်မှာကြားသွားခဲ့တာတွေ့ရပါတယ်။

ကျွန်တော်တို့ရဲ့အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့မှာ ယခင်နှစ်က ပထမအကြိမ် ကျောင်းသားလူငယ်ပွဲတော် 1st Student (Youth) Games ကျင်းပခဲ့ရာ ကျောင်းသားလူငယ်အားကစားသမားများက တရုတ်နိုင်ငံ၏ပြည်တွင်းစံချိန်များသာမက ကမ္ဘာ့လူငယ်စံချိန်များကို ချိုးခဲ့တာ တွေ့ရပါတယ်။ အကျိုးဆက်အနေနဲ့ (၃၃)ကြိမ်မြောက် ပြင်သစ်နိုင်ငံ ပါရီအိုလံပစ်ပြိုင်ပွဲမှာ ပထမရတဲ့ အမေရိကန်နိုင်ငံနဲ့ ရွှေတံဆိပ်အရေအတွက်တူညီကာ ငွေတံဆိပ်အရေအတွက် ကွာခြားမှုနဲ့ နိုင်ငံအလိုက်ဒုတိယဆုရရှိခဲ့တာ **စာမျက်နှာ ၁၄ သို့** ■

■ စာမျက်နှာ ၁၃ မှအဆက်

တရုတ်ကျောင်းသားလူငယ်များရဲ့အစွမ်းလို့ပဲ မိမိအနေနဲ့မှတ်ယူမိပါတယ်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်က နေပြည်တော်တွင်ကျင်းပသော ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲမိန့်ခွန်းမှာလည်း "ပညာရေးဝန်ကြီးဌာနက ယနေ့ခေတ်ကျောင်းသားဗဟိုပြုပညာရေးစနစ်တွင် ကျောင်းသားတိုင်း အားကစားနည်းတစ်ခုခုကို မသင်မနေရ ထည့်သွင်းပြဋ္ဌာန်းပေးထားကြောင်းနှင့် အားကစားကိုအမှတ်ပေးစနစ်တွင် ထည့်သွင်းပေးထားကြောင်း" နိုင်ငံတော်အကြီးအကဲက မိန့်ကြားခဲ့သည်ကိုလည်း နာယူမှတ်သားခဲ့ရပါတယ်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအနေနဲ့ နွေရာသီကျောင်းပိတ်ရက်များတွင် ကျောင်းသား၊ကျောင်းသူ၊ လူငယ်၊လူရွယ်များအားလပ်ချိန်ကိုအကျိုးရှိစွာအသုံးချနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အားကစားကွင်း/အားကစားရုံများတွင်နွေရာသီအခြေခံနှင့် အဆင့်မြင့်အားကစားသင်တန်းများကို ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည့်အပြင် နေပြည်တော်အခြေစိုက် ပြည်ထောင်စုဝန်ကြီးဌာနရုံးအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများကို နွေရာသီအခြေခံအားကစားသင်တန်းအဖြစ် အားကစားနည်း (၅)မျိုး ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးသွားရန် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဘောလုံးနှင့်ပြေးခုန်ပစ်အားကစားနည်းကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)တွင်လည်းကောင်း၊ တိုက်ကွမ်ဒိုအားကစားနည်းကို အတွင်းရှိတိုက်ကွမ်ဒိုရုံတွင်လည်းကောင်း၊ ရေကူးအားကစားနည်းကို ဝဏ္ဏသိဒ္ဓိရေကူးကန်တွင်လည်းကောင်း၊ ဝူရှူးအားကစားနည်းကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (Social Zone)တွင်လည်းကောင်း သင်တန်းအမှတ်စဉ်(၁/၂၀၂၅)ကို ၁၀-၃-၂၀၂၅ရက်နေ့မှ၄-၄-၂၀၂၅ရက်နေ့ထိ ဖွင့်လှစ်လျက်ရှိပြီး အမှတ်စဉ်(၂/၂၀၂၅)ကို ၂၈-၄-၂၀၂၅ရက်နေ့မှ၂၃-၅-၂၀၂၅ရက်နေ့ထိ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖုန်း-၀၆၇-၈၁၀၄၃၃၅ သို့ ဆက်သွယ်စုံစမ်းတက်ရောက်နိုင်ပါသည်။

သို့ဖြစ်ရာ အားကစားကို ကျောင်းသား၊ ကျောင်းသူများ စိတ်ဝင်စားမှုပိုမိုမြင့်မားအောင်မိဘဆရာများကလည်း တိုက်တွန်းအားပေးခြင်းဖြင့် နွေရာသီအားကစားသင်တန်းများသို့ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ရေး ဝိုင်းဝန်းကြိုးပမ်းပေးကြပါရန် ရေးသားတင်ပြလိုက်ပါသည်။ ။

**ရဲလွင်အောင်**
**(ရန်ကုန်တက္ကသိုလ်)**

# မြို့နယ်ပေါင်းစုံ အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



**ထားဝယ် မတ် ၁၈**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို မတ်လ ၁၇ ရက် ညနေပိုင်းတွင် ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်း၌ကျင်းပသည်။

ရေးဦးစွာ အမျိုးသား/အမျိုးသမီးမီတာ ၁၀၀ အပြေးပြိုင်ပွဲနှင့် မီတာ(၄၀၀× ၄) လက်ဆင့်ကမ်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကစားသမားများယှဉ်ပြိုင်ကစားနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်လူမှုရေးရာဝန်ကြီး ဦးသက်နိုင်က ပြိုင်ပွဲတစ်လျှောက် ကူညီဆောင်ရွက်ပေးသောကြက်ခြေနီတပ်ဖွဲ့အား ဂုဏ်ပြုဆုငွေပေးအပ်သည်။ ယင်းနောက် အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ အမျိုးသားမီတာ ၁၀၀ အပြေးပြိုင်ပွဲတွင်ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ အမျိုးသားမီတာ (၄၀၀×၄) လက်ဆင့်ကမ်းပြိုင်ပွဲတွင် ပထမဆုရရှိသောထားဝယ်မြို့နယ်အသင်း၊ ဒုတိယဆုရရှိသော လောင်းလုံးမြို့နယ်အသင်း၊ တတိယဆုရရှိသော သရက်ချောင်းမြို့နယ်အသင်း၊ အမျိုးသမီးမီတာ(၄၀၀×၄)လက်ဆင့်ကမ်းပြိုင်ပွဲတွင် ပထမဆုရရှိသောကျွန်းစုမြို့နယ်အသင်း၊ ဒုတိယဆုရရှိသောထားဝယ်မြို့နယ်အသင်း၊ တတိယဆုရရှိသော မြိတ်မြို့နယ်အသင်းတို့ကို တာဝန်ရှိသူများက တစ်ဦးချင်းဆုနှင့် ငွေသားဆုများအသီးသီးပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အမျိုးသမီးပြိုင်ပွဲများတွင် ရွှေတံဆိပ်ရှစ်ခု၊ ငွေလေးခု၊ ကြေးသုံးခုဖြင့် ပထမဆုရရှိသော ကျွန်းစုမြို့နယ်အသင်းနှင့်အမျိုးသားပြိုင်ပွဲများတွင် ရွှေတံဆိပ်ခုနစ်ခုဖြင့် ပထမဆုရရှိသော ထားဝယ်မြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားပေးအပ်ကြောင်းသိရသည်။

**ကျော်ကျော်လတ်**

# နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်လှစ်

**စေတုတ္တရာ မတ် ၁၈**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် မကြီးစု(၁)ကျေးရွာ ရွာဦးဘုန်းကြီးကျောင်း၌ (၄၀/၃)ကြိမ်မြောက် နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို မတ်လ ၁၇ ရက်က ဖွင့်လှစ်သည်။

ရှေးဦးစွာ ဆရာတော်အရှင်မာဃက ကလေးငယ်များကို နွေရာသီကျောင်းပိတ်ရက်တွင် အပြင်ထွက်လည်ပတ်နေမည့်အစား ယဉ်ကျေးလိမ္မာသည့်သားငယ်၊ သမီးငယ်များဖြစ်စေရန် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆရာတော်နှင့်သင်တန်းဖွင့်ပွဲ တက်ရောက်လာသည့် ဧည့်သည်များ၊ ဆရာမများနှင့် နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းတွင် တက်ရောက်သည့်ကလေးငယ်များက ဩကာသကန်တော့ချီးဖြင့် သင်တန်းကိုဖွင့်လှစ်ပေးသည်။

အဆိုပါသင်တန်းကို မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကိုကို(ပြန်/ဆက်)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၉-၃-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၅:၃၅ Happy Zone
၆။ ၂၁:၄၀ ချောက်ချောက်ချားချား ဖြစ်ရပ်များ

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
  (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
  (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
  (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
  (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
  (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိကပို့ကုန်မြှင့်တင်ရေးကော်မတီ (၁/၂၀၂၅)ကြိမ်မြောက် အစည်းအဝေးကျင်းပ



နေပြည်တော် မတ် ၁၈

အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိကပို့ကုန်မြှင့်တင်ရေးကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက်အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိကပို့ကုန်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၃)ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်တင့်၊ ကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားပို့ကုန်မဟာဗျူဟာကဏ္ဍအလိုက် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌများ၊ သက်ဆိုင်ရာအစိုးရဌာနများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌက ကဏ္ဍအလိုက် လုပ်ငန်းစီမံချက် -Plan of Action များကိုအကောင်အထည်ဖော်ရာတွင် ရေတိုအကျိုးရလဒ် -Quick Win ရရှိမည့် လုပ်ငန်းစဉ်များကို ရွေးချယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဘဏ္ဍာနှစ်အလိုက် ဘဏ္ဍာငွေလျာထားမှုများကို ကြီးကြပ်ဆောင်ရွက်ပေးကြရန်နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀-၂၀၂၅) ကာလပြီးစီးသွားပါက ဆောင်ရွက်ရန်ကျန်ရှိသော လုပ်ငန်းစီမံချက်များအပေါ် လက်ရှိအခြေအနေနှင့် ကိုက်ညီမှုရှိသော ရှေ့ဆက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစီမံချက်များကို ဖော်ထုတ်ထားကြရန် လိုအပ်ကြောင်းနှင့် လုပ်ငန်းစီမံချက်များကိုပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ ဆောင်ရွက်ခြင်းဖြင့် အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၆-၂၀၃၀)ကို ရေးဆွဲရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၃ ဘီလီယံ သတ်မှတ်လျာထားရာ ၂၀၂၅ ခုနှစ် မတ်လ ၁၂ ရက်အထိ စာရင်းများအရ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၇၉၃ ဘီလီယံဖြင့် ၇၈ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ကုန်ဆုံးခါနီးပြီဖြစ်၍ သတ်မှတ်လျာထားချက်များကို အတတ်နိုင်ဆုံးပြည့်မီအောင် ဆောင်ရွက်နိုင်ရန်နှင့် ပို့ကုန်နှစ်ဆတိုးမြှင့်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာနများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ ပို့ကုန်လုပ်ငန်းရှင်များက အမြဲထိတွေ့ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ကော်မတီအဖွဲ့ဝင်များ၊ ပုဂ္ဂလိကအသင်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ကဏ္ဍအလိုက်ကော်မတီဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းစီမံချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သင့်သည်များကို ဆွေးနွေးတင်ပြကြရာ ဆွေးနွေးတင်ပြမှုများအပေါ် ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြောကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တက္ကသိုလ်ဝင်စာမေးပွဲ(Grade-12) ဒုတိယနေ့ ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ် အေးချမ်းစွာ ဖြေဆိုနေမှုများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ကြည့်ရှုအားပေး



နေပြည်တော် မတ် ၁၈

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းတို့ရှိ စာစစ်ဌာနသို့သွားရောက်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက ယခုကျင်းပသည့်တက္ကသိုလ်ဝင်စာမေးပွဲသည် KG+12 စနစ်သစ်ပညာရေးစနစ်၏ အခြေခံပညာအထက်တန်းအဆင့် နောက်ဆုံးအရည်အချင်းစစ်စာမေးပွဲပင်ဖြစ်ကြောင်း၊ မျိုးဆက်သစ်နိုင်ငံသားကောင်းသမီးမွန်များအားလုံးကျော်ဖြတ်ရသည့် အရေးကြီးသည့်တက္ကသိုလ်ဝင်စာမေးပွဲဖြစ်၍ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကျရာအခန်းကဏ္ဍက ဝိုင်းဝန်းပံ့ပိုးကူညီပေးကြရမည်ဖြစ်ကြောင်း၊ ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်ကြသူများအားလုံးကိုလည်း အထူးကျေးဇူးတင်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများစိတ်အေးချမ်းမြေ့စွာဖြေဆိုနိုင်ရေးအတွက် အလေးထားဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ စာမေးပွဲကျင်းပစဉ်အတွင်း အရေးပေါ်အခြေအနေများဖြစ်ပေါ်လာပါက အမြန်ဆုံးသတင်းပို့၍ ချက်ချင်းလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားသည်။

အလားတူ ပညာရေးဝန်ကြီးဌာနရှိဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများနှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ သက်ဆိုင်ရာ စာစစ်ဌာနများသို့သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၈

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်မြန်မာ-နီပေါနှစ်နိုင်ငံကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ အီလက်ထရောနစ်ကျန်းမာရေးသတင်းအချက်အလက်စနစ်၊ အီလက်ထရောနစ်ဆေးမှတ်တမ်းစနစ်၊ အီလက်ထရောနစ် ပြည်သူ့ကျန်းမာရေးသတင်းအချက်အလက်စနစ်နှင့်အီလက်ထရောနစ်ဆေးနှင့်ဆေးပစ္စည်းစီမံခန့်ခွဲမှုစနစ် အစရှိသည်တို့တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ မြန်မာ-နီပေါနှစ်နိုင်ငံ ကျန်းမာရေးပညာရှင်များ၊ အထူးကုဆရာဝန်များ အပြန်အလှန်စေလွှတ်၍ အတွေ့အကြုံဖလှယ်ရေးကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့်ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ခဲ့ကြသည်။

`(သတင်းစဉ်)



● ကျောဖုံးမှအဆက်

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း ဧရိယာ ၁၀၀ ဒသမ ၁၅ ဧကအကျယ်တွင် ဝါးအလယ်ကျွန်းအပန်းဖြေစခန်းကို ဖွင့်လှစ်ထားရှိပြီး ရုက္ခ၊ ဇီဝနှင့် အဏ္ဏဝါဆိုင်ရာ သဘာဝ ကုန်းနေ/ရေနေ တောရိုင်းတိရစ္ဆာန်များ ရှင်သန်ကျက်စားခြင်း၊ ဆလုံတိုင်းရင်းသားတို့၏လူမှုဘဝကို အနီးကပ်လေ့လာနိုင်ခြင်းနှင့် သဘာဝအခြေခံခရီးသွားအရင်းအမြစ်များစွာ တည်ရှိနေခြင်းတို့ကြောင့် ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်တစား လာရောက်လည်ပတ်လျက်ရှိသည်။

"မနှစ်က ဝါးအလယ်ကျွန်းကို ခရီးသွားရာသီမှာ ခရီးသွား ၂၀၀ ကျော်ဝင်တယ်။ အခန်းမလောက်လို့ ပြန်သွားရတာတွေရှိတယ်။ အရင်နှစ်နဲ့စာရင် ဒီနှစ်မှာ ခရီးသွားနည်းပေမယ့် ခရီးသွားဧည့်သည် လုံးဝပြတ်သွားတာမျိုးတော့မရှိပါဘူး။ ပြည်ပခရီးသွားအနေနဲ့ အမေရိကန်၊ ရုရှား၊ ဗြိတိန်၊ အီတလီ၊ ထိုင်း၊ ဖိလစ်ပိုင်နိုင်ငံတွေက လာကြတာများတယ်။ တခြားနိုင်ငံတွေကလည်း လာရောက်ကြပါတယ်။ ဝါးအလယ်ကျွန်းရဲ့ ထူးခြားချက်က ကုန်းနေ/ရေနေသယံဇာတကြွယ်ဝတာ၊ သဘာဝအတိုင်းပြုပြင်မထားဘဲ တည်ရှိနေတာတွေပါ။ ဒီလိုသဘာဝအတိုင်း လှပတဲ့အတွက် ပြည်ပခရီးသွားတွေက နှစ်သက်ကြတယ် " ဟု လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးကြည်ဦးက ပြောသည်။

ဝါးအလယ်ကျွန်းသဘာဝအခြေခံအပန်းဖြေစခန်းသို့ သင်္ကြန်ကာလတွင်လည်း ပြည်တွင်းပြည်ပ ခရီးသွားဝင်ရောက်မှုများကြောင်း အဆိုပါအပန်းဖြေစခန်းမှ သိရသည်။

ဝါးအလယ်ကျွန်းသို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားများ လာရောက်လည်ပတ်ပါက ရေအောက်သန္တာကျောက်တန်းများအလှကိုကြည့်ရှုခြင်း၊ လှိုင်းစီးခြင်း၊ ကယက်လှေစီးခြင်း၊ ဒီရေတောနှင့်အမြဲစိမ်းတောအလှကိုကြည့်ရှုခြင်း၊ ရေနေ/ကုန်းနေ သတ္တဝါများ၊ ရှားပါးအပင်များနှင့် ပင်လယ်လိပ်များကိုကြည့်ရှုခြင်း၊ အဏ္ဏဝါအလှနှင့် နေဝင်ဆည်းဆာသဘာဝအလှကို ကြည့်ရှုခံစားခြင်းနှင့် အေးချမ်းလှပသည့် ပင်လယ်ပြင်နှင့် ကျွန်း၏သဘာဝအလှကို ကြည့်ရှုလေ့လာခြင်းတို့ ဆောင်ရွက်ကြလေ့ရှိကြောင်း သိရသည်။

သစ္စာ(MNA)၊

ဓာတ်ပုံ - လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်အား ဆက်လက်ဖြေဆို

နေပြည်တော် မတ် ၁၈

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ်လ ၁၇ ရက်တွင် စတင်ကျင်းပလျက်ရှိရာ ယနေ့တွင် ဒုတိယနေ့အဖြစ် အင်္ဂလိပ်စာဘာသာရပ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန် စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြသည်။ ယင်းသို့ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များ၌ သက်ဆိုင်ရာလုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျစောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၃ ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၀၄ ခု စာစစ်ဌာန စုစုပေါင်း ၈၁၇ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၂၀၈၄၃ ဦးရှိပြီး စာမေးပွဲဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၀၈၆၅၉ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၉၄ ဒသမ ၄၈ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြပြီး တာဝန်ရှိသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်။

"ကျွန်တော့်နာမည်က ဒေါက်တာကျော်လွင်ဖြစ်ပါတယ်။ ကျွန်တော်နေပြည်တော်ပညာရေးမှူးရုံး၊ ညွှန်ကြားရေးမှူးတာဝန်ကို ထမ်းဆောင်နေပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုနယ်မြေ နေပြည်တော်မြို့နယ်ရှစ်မြို့နယ်မှာ ခုတင် - ၁၀၀၀ ဆေးရုံစာစစ်ဌာနအပါအဝင်စုစုပေါင်းစာစစ်ဌာန ၄၇ ခုကျင်းပပြီးတော့ စာမေးပွဲကျင်းပဆောင်ရွက်လျက်ရှိပါတယ်။ ဒီနှစ်အနေနဲ့ စာစစ်ဌာန မြို့နယ်အလိုက်ကျတော့ စာစစ်ဌာန ငါးခုရှိတဲ့ မြို့နယ်တွေလည်းရှိတယ်။ ခြောက်ခုရှိတဲ့ မြို့နယ်တွေလည်းရှိတယ်။ လယ်ဝေးမြို့နယ်



ကတော့ စာစစ်ဌာန ၁၀ ခု စာစစ်ဌာန အများဆုံးရှိတဲ့ နေရာလည်းဖြစ်ပါတယ်။ စုစုပေါင်းတော့ ကျွန်တော်တို့ ၄၇ ခုနဲ့ ကျင်းပဆောင်ရွက်လျက်ရှိပါတယ်။ လောလောဆယ်တော့ စာမေးပွဲအောင်ချက်အနေနဲ့ ယခင်နှစ်တုန်းကတော့ ၅၆ ဒသမ ၇၉ ရာခိုင်နှုန်း အောင်မြင်ခဲ့ပါတယ်။ ဒီနှစ်အနေနဲ့ ဘာသာရပ်သုံးမျိုးဖြစ်ပါတယ်။ ဓာတု၊ ရူပ၊ ဇီဝ ဘာသာတွဲ၊ ဓာတု၊ ရူပ၊ ဘောဂ ဘာသာတွဲနဲ့ ပထဝီ၊ သမိုင်း၊ ဘောဂ ဆိုပြီး ဘာသာတွဲ သုံးတွဲ ဒီနှစ် ကျောင်းသား၊ ကျောင်းသူတွေ ဝင်ရောက်ဖြေဆိုနေတာ ဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူများအနေနဲ့ကတော့ ဒီတက္ကသိုလ်ဝင်စာမေးပွဲဆိုတာ ဘဝကိုအပြောင်းအလဲဖြစ်စေမယ့်၊ ဘဝကိုအဆုံးအဖြတ်ပေးမယ့် စာမေးပွဲဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီစာမေးပွဲ အောင်မြင်စွာ၊ အေးချမ်းစွာနဲ့ မသမာမှုကင်းရှင်းတဲ့ စာမေးပွဲဖြစ်ဖို့ရာအတွက် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ဦးစီးဌာနအသီးသီးနဲ့ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနဲ့ ဒေသဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်တွေ၊ ရပ်ကျေး အဖွဲ့ဝင်တွေ၊ ကြက်ခြေနီ၊ မီးသတ်၊ ကျန်းမာရေးဌာန စသည်ဖြင့် ဆက်စပ်ဌာနတွေ အားလုံးပူးပေါင်းပြီးတော့ လုံခြုံရေးကအစ၊ ကျန်းမာရေးကအစ အားလုံးအဆင်ပြေအောင်အစစအရာရာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းပြောကြားလိုပါတယ်။ ကျောင်းသား၊ ကျောင်းသူများအနေနဲ့ စာကို အေးအေးချမ်းချမ်းနဲ့ ကြိုးစား



တောင်ကြီးမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနေမှုကိုတွေ့ရစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေး မုံရွာမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။



မြစ်ကြီးနားမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကိုတွေ့ရစဉ်။



ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနေမှုကိုတွေ့ရစဉ်။



ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကိုတွေ့ရစဉ်။



မော်လမြိုင်မြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနေမှုကိုတွေ့ရစဉ်။

ပြီးတော့ဖြေကြားဖို့ ပြောကြားလိုပါတယ်။ ရှိတဲ့ကျောင်းနေအရွယ်မှာ ပညာကို ဆုံးခန်းတိုင်အောင်သင်ယူပြီးတော့ နောင်တစ်ချိန်မှာ တိုင်းပြည်က အားထားရတဲ့ နိုင်ငံ့သားကောင်းတွေဖြစ်အောင် ကြိုးစားကြဖို့ ပြောကြားလိုပါတယ်။ ကျန်းမာရေးအတွက်လည်း ပြင်ဆင်ထားတာတွေ အများကြီးရှိပါတယ်။ ကျွန်တော်တို့ စာစစ်ဌာနတိုင်းမှာ MEDICAL COVER အနေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုစင်တာတိုင်းမှာ ရှိပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုအခန်းဆိုပြီးတော့ သီးခြားဆေးခန်းတွေဖွင့်ထားပါတယ်။ သက်ဆိုင်ရာမြို့နယ်အလိုက် တိုက်နယ်အလိုက်လည်းပဲ အရေးပေါ်လူနာတွေပေါ်ပေါက်လာရင် ဖြေနိုင်အောင် ဆေးရုံတွေမှာ စာဖြေခန်းတွေ အရန်သင့် စီစဉ်ဆောင်ရွက်ထားပါတယ်။ ရပ်ဝေးကရောက်ရှိလာတဲ့ မကျန်းမာတဲ့ တက္ကသိုလ်ဝင်စာမေးပွဲ လူနာတွေ၊ ရောဂါပြင်းထန်နေတဲ့ လူနာတွေအတွက်လည်း နေပြည်တော်ခုတင်-၁၀၀၀ ပြည်သူ့ဆေးရုံကြီးမှာ စာစစ်ဌာနတစ်ခု သီးခြားဖွင့်ပြီးဆောင်ရွက်နေပါတယ်။ လောလောဆယ်အခြေအနေမှာလည်း ဒီနေ့မှာဆိုရင် ခုတင်-၁၀၀၀ နေပြည်တော်ဆေးရုံကြီးမှာ ကျောင်းသား၊ ကျောင်းသူ စာဖြေသူနှစ်ဦး ဖြေဆိုလျက်ရှိပါတယ်။ စိတ်အေးချမ်းသာစွာနဲ့ ကောင်းကောင်းမွန်မွန် ကိုယ်တိုင်ရေးပြီး ဖြေဆိုနိုင်ကြပါတယ်။ တချို့ လူနာတွေဆိုရင် ကိုယ်တိုင်မရေးနိုင်တာတွေ ရှိပါတယ်။ သို့သော် ဆေးရုံမှာရှိတဲ့ ကျောင်းသားနှစ်ယောက်ဟာဆိုရင် ကျန်းမာရေး ကောင်းမွန်တဲ့သူတွေဖြစ်တဲ့အတွက်ကြောင့်မို့ ကိုယ်တိုင်ရေးပြီးတော့ဖြေဆိုနေကြကြောင်း ပြောကြားလိုပါတယ်။ မသန်စွမ်းဖြေဆိုသူအနေနဲ့ နှစ်ဦးရှိပါတယ်။ ကျန်းမာရေးမကောင်းတဲ့ ကျောင်းသား၊ ကျောင်းသူနှစ်ဦးရှိပါတယ်။ စာမေးပွဲစည်းကမ်းအရ နာရီဝက်နောက်ကျရင် ဖြေဆိုခွင့်မရှိဘူးဆိုတာရှိပေမယ့် ကျွန်တော်တို့ ဒီနှစ်အနေနဲ့ ဖြေလျှော့ပြီးတော့ အချိန်ကို ပိုမိုသတ်မှတ်ပြီးတော့ ၁ နာရီခွဲ နောက်ကျတဲ့အထိ လက်ခံဖို့ရာအတွက် ကျွန်တော်တို့ ဝန်ကြီးဌာန၊ ဦးစီးဌာနက ညွှန်ကြားထားတဲ့အတွက်ကြောင့်မို့လို့ ရောက်ရှိလာတဲ့သူကို စာမေးပွဲဖြေဆိုနိုင်ရေးအတွက် အစစအရာရာ စီစဉ်ဆောင်ရွက်ထားပါတယ်။ နေပြည်တော်ကောင်စီနယ်မြေအနေနဲ့လည်း ယာဉ်ထိန်း၊ မီးသတ်အစရှိသဖြင့်ကျောင်းသား၊ ကျောင်းသူတွေ လမ်းမှာ လမ်းပန်းဆက်သွယ်ရေး အခက်အခဲဖြစ်နေမယ်။ ဥပမာ - ဆိုင်ကယ်ပျက်နေမယ်၊ ကားပျက်မယ်ဆိုရင်တောင်မှ တွေ့တဲ့သူကို အကူအညီတောင်းလို့ရပါတယ်။ စာမေးပွဲဖြေသွားမလို့ ကူညီပေးပါဆိုရင် ကူညီပေးဖို့ရာအတွက် နေပြည်တော်ကောင်စီ အနေနဲ့လည်း လမ်းညွှန်ပြီး ဌာနဆိုင်ရာတွေကိုညွှန်ကြားထားပါတယ်။ သက်ဆိုင်ရာ ဆက်စပ်ဌာနတွေကိုလည်း ကူညီပေးကြဖို့ရာအတွက် နောက်ကျလို့ရှိရင်တောင်မှ အကူအညီတောင်းရင် လိုက်ပို့မယ့်သူတွေရှိပါတယ်။ အဲဒီလောက်အထိ စီစဉ်ထားပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေ အဓိကကတော့ စာဖြေသူတွေ စိတ်ချမ်းသာဖို့နဲ့ စာမေးပွဲအေးချမ်းသာယာ ပြီးမြောက်ဖို့၊ မသမာမှုကင်းရှင်းတဲ့ စာမေးပွဲဖြစ်ဖို့ ကျွန်တော်တို့အနေနဲ့ အဘက်ဘက်က ကြိုးစားအားထုတ်ပြီးတော့ စီမံဆောင်ရွက်ထားပါတယ်”ဟုပြောသည်။



မြိတ်မြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



ကံပေါက်မြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနေမှုကို တွေ့ရစဉ်။



တိုက်ကြီးမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများစိတ်အေးချမ်းသာစွာဖြေဆိုနေမှုကို တွေ့ရစဉ်။



မြစ်ကြီးနားမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနေမှုကို တွေ့ရစဉ်။



မန္တလေးမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။




ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



“ကျွန်တော်ကတော့ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနမှာ ကြီးကြပ်ရေးမှူးတာဝန် ထမ်းဆောင်ပါတယ်။ စုစုပေါင်းကျောင်းသား ၃၅၉ ဦးရှိပြီးတော့ ၃၃၇ ဦးလာရောက်ဖြေဆိုပါတယ်။ ၂၂ ဦး ပျက်ကွက်ပါတယ်။ ဖြေဆိုသူ ၉၇ ဒသမ ၈၇ ရာခိုင်နှုန်းရှိပါတယ်။ ပျက်ကွက်က ၆ ဒသမ ၁၃ ရာခိုင်နှုန်းဖြစ်ပါတယ်။ ဒီနှစ်ကျောင်းသား၊ ကျောင်းသူတွေအတွက် စိန်ခေါ်မှုက အများကြီးမရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ စနစ်သစ်ကို ၂၀၂၄ မှာ စတင်ဖြေခဲ့တာဖြစ်လို့ ၂၀၂၄ ကလေးတွေအတွက်တော့ စိန်ခေါ်မှုဖြစ်ခဲ့တာပေါ့။ ဒီနှစ်ကလေးတွေကျ ဒုတိယနှစ်ဖြစ်တဲ့အတွက် အတွေ့အကြုံရှိပြီးဖြစ်လို့ အခက်အခဲမရှိနိုင်ပါဘူး။ စနစ်သစ်ပညာရေးက ကျွန်တော်တို့ဌာနဟာ အကောင်းဆုံးသူများနိုင်ငံတွေနဲ့ယှဉ်နိုင်အောင် ဘာသာရပ်ဆိုင်ရာသင်ရိုးညွှန်းတမ်းတွေကို အဆင့်မီပြင်ထားတာဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ်ကတည်းက Grade-12 ကိုပြောင်းတာဖြစ်တယ်။ ၂၀၂၅ ကတော့ ဒုတိယနှစ်ဖြစ်တဲ့အတွက် ဘာမှသိပ်အခက်အခဲမရှိဘဲ ချောချောရှုရှု အားလုံးအဆင်ပြေပါတယ်။ ကျွန်တော့်ကျောင်းက ၂၀၂၄ ခုနှစ်မှာ ၆၀ ဒသမ ၈၉ ရာခိုင်နှုန်းအောင်ခဲ့တာဆိုတော့ အားရမှုရှိပါတယ်။ အောင်ချက်လည်း အများကြီးတက်ခဲ့ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ ဘာပဲဖြစ်ဖြစ် တက္ကသိုလ်ဝင်စာမေးပွဲကိုဝင်ရောက်ဖြေဆိုဖို့၊ ဖွဲ့မလျှော့ဖို့၊ ဘာပဲဖြစ်ဖြစ်အခွင့်အခါကောင်းရင် ကိုယ့်အတွက်လည်း အခွင့်အရေးတွေ အများကြီးရရှိမှာဖြစ်တဲ့အတွက် အားလုံးဝင်ရောက်ဖြေဆိုကြပါလို့ တိုက်တွန်းချင်ပါတယ်”ဟုပြောသည်။

“ကျောင်းသားကတော့ စာကျက်မှုရမယ်နော်။ နေ့စဉ်ပုံမှန် စာကျက်မှုဖြစ်မယ်။ မိဘတွေအနေနဲ့ကလည်း စာကျက်ဖို့ တိုက်တွန်းပေမယ့်လည်း သူတို့ကိုယ်တိုင်ကျက်မှရမှာလေ။ အဲ့လိုဆိုတော့ ကျွန်မက ဘာပြောလဲဆိုတော့ ကိုယ်ကျက်မှ ကိုယ်ရ



မယ်။ ဆရာ၊ ဆရာမတွေအနေနဲ့ကတော့ သင်ပေးမယ်။ အကုန်လုံးကိုတော့ ချောချောမောမောလေး ဖြေဆိုအောင်မြင်စေချင်တယ်။ ပြီးတော့ သူကျက်ထားတဲ့ဟာလေးနဲ့လည်း တိုးစေချင်တယ်ပေါ့နော်။ ကိုယ့်သမီးတစ်ယောက်တည်းတော့ မဟုတ်ဘူး။ ကျောင်းသား၊ကျောင်းသူတိုင်းကို အောင်စေချင်ပါတယ်”ဟုပြောသည်။

(၁၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing sends a message to the ceremony to mark the 51st Anniversary of Mon State Day

## (19 March 2025)

**Esteemed ethnic national brethren in Mon State,**

I extend my heartfelt wishes for good health and physical and mental well-being to all Mon ethnic brethren in Mon State and various regions, as well as to all ethnic citizens across the nation on this auspicious occasion of the 51st Anniversary of Mon State Day, which falls on 19 March 2025. May all your hopes and aspirations be fulfilled.

Ancient stone inscriptions in the Mon language and numerous literary sources indicate that the Mon people were among the earliest settlers in Myanmar and had the opportunity to embrace Buddhism. Furthermore, even before the enlightenment of the Buddha, the Thaton region had already been established as the Sudhammawady Kingdom. It upheld and preserved religion, literature, traditions, and cultural heritage, along with various fine arts, maintaining its prestige as a Ramanya state with dignity.

It is a state with hitorical and fine traditions which had turned out prominent majestic King Thithudhamma and King Manuha, scholar members of the Sangha namely Waw Sayadaw U Uttamarambha and U Silavanta (Min Shwe Ngo), the first western medical specialst Dr Saw Lu, eminent literati Theikpan Maung Wa, Dr Nai Pan Hla and Dr Min Tin Mon, brave heroes Razadariz, La Goon Eain and Thamein Bayan.

After taking assumption, the State Administration Council has reconstituted Mon State with 10 townships in four districts since 30 April 2022 and has been implementing peace and stability, economic and social sectors as well as overall development in the state.

Mon State is located in the strategic position, sharing border with Kayin State and Thailand in the east, Mottama Gulf in the west, Bago Region in the north, and Taninthayi Region in the south. Thanlwin, Gyaing, Attaran and Donthami rivers are streaming as a network in the state where waterway and land route meet.

Mon State, locatd on the coast of the sea, is important for trading, facilitated with a significant seaport. Moreover, the climate is moderate and pleasant, with breathtaking forests, mountains, rivers, and streams. The lush, fertile forests, natural resources, and abundant local fruits are thriving, making it a region with excellent land and water conditions.

In religion, the Mon State is renowned for its outstanding and prominent sacred sites, including the Kyaiktiyo Pagoda, the Kyaikpawlaw Pagoda, the Kyaikthanlan Pagoda, the Kyaikmaraw Hsutaungpyae Pagoda, and the Kyaikkhami Pagoda, which are historical and powerful pagodas that symbolize the splendor and honour of Buddhism. According to historical records, due to the efforts and dedication of religious figures and monks, this region has become a place where authentic Theravada Buddhism propagated and flourished thanks to missionary persons and Shin Araham.

**Esteemed ethnic national brethren,**

Currently, our country is beginning to implement a democratic system based on universal principles such as justice, freedom, and equality, in line with the desires of the people. In establishing a democratic nation, it is essential for all citizens to maintain unity, discipline, respect and adhere to the rule of law, and possess a high level of knowledge and education.

Unity and cohesion strengthen the power of a nation, fostering development and generating national benefits. Looking at the contemporary, rapidly developing countries, it is clear that they have been built strongly with the power of unity and cohesion. According to the saying, "Strength of the nation lies within", a nation must be built with its internal strength. However, in the current context, our country is struggling to protect itself with full strength, unable to focus on building, and instead, is trying to survive amidst internal and external challenges. As a result, stability is weak, and progress and development remain distant.

The conflicts and armed terror attacks occurring today are rooted in differing political views, with some driven by a desire to stand apart and pursue self-interest and selfish gains. In various regions, the clashes between ethnic armed organizations and PDF terrorists have led to the destruction of national infrastructure and the suffering of local populations, causing widespread poverty and hardship. Behind these violent acts are various forms of support and incitement from both domestic and foreign sources. Every citizen must be aware of this, and it is crucial to take the lessons from the suffering and poverty resulting from the breakdown of unity and the ensuing chaos from these events.

I would like to remind those involved in the ongoing armed conflicts and violent activities, including ethnic armed organizations and relevant organizations to cease these activities in the best interest of the nation and its people as their actions are causing suffering to the people and endangering the country. I call on all citizens to unite in solidarity, uphold the spirit of the Union, and work together to protect and safeguard the country.

**Esteemed national brethren in Mon State,**

The State Administration Council has decided to hold a free and fair, prestigious, correct general election in order to flourish a genuine, disciplined multiparty democratic system the entire people aspire to.

The State Administration Council plans to continue the measures to hand over the State responsibilities to the elected government through the free and fair multiparty democratic general election in accord with the Five-Point Roadmap. Hence, I would like to urge all ethnic people to participate in restoring peace and stability in the entire nation for holding the election.

The fundamental needs of every ethnic people are to live, work, and eat peacefully in accordance with the law, leading a life that is physically and mentally healthy, prosperous, and allows for personal development and progress. The government, on its part, is working to meet the essential needs of the people and to ensure that all national brethren can experience equality and enjoy long-term, stable, and sustainable development. This is being carried out with a focus on national unity and the peaceful development of the union.

The processes must be effectively and successfully implemented within a short period of time, requiring intellectuals and intelligentsia from various sectors, as well as ethnic people, to work closely and actively with the government for the benefit of the nation.

The agricultural and livestock-based industries are being operated to meet the goals of food security and sustainability. To improve the socioeconomic lives of all ethnic people, agricultural-based industries are being promoted, along with micro, small and medium-sized enterprises (MSMEs) that focus on natural resources specific to each region. As MSMEs are critical for the country's economic growth, these will effectively contribute to regional economic development. With good land and water management, along with abundant natural resources in the Mon State, the expansion of agriculture and production industries can lead to increased income for local people, reduce poverty, and further improve socioeconomic life.

For the development and progress of the nation, as well as for the establishment of a peaceful, stable, and democratic new country, it is essential for all ethnic people to be fully equipped with knowledge and skills. At present, the younger generation, who are the future strength of the nation, is being nurtured and developed by enhancing their talents, skills, and abilities to promote comprehensive education and development. It is necessary to systematically train and cultivate the good character of the youth, instill a sense of patriotism for the country, encourage them

See Page - 19 ●●

●● From Page - 18

to uphold the honour of the nation, and foster a sense of respect for their ethnic heritage and lineage.

Therefore, every citizen must succeed in completing at least KG+9 level education, and the goal is to have well-educated individuals with knowledge and skills. To achieve this, efforts are focused on expanding and opening more schools, upgrading educational levels, enhancing the capabilities of teachers, and ensuring that the school's infrastructure is good and meets necessary standards. These actions are being carried out with great emphasis. If we strive to develop a well-rounded and capable youth as the human resource for the country's growth, this will undoubtedly lead to the emergence of a prosperous and developed state in all sectors.

In the future, to create a nation that is eternally stable, peaceful, developed, and prosperous, it is essential to foster a sense of unity among all the ethnic people, such that everyone shares a common mindset of being Myanmar. This requires the cultivation of the necessary spirit and knowledge. All the ethnic people living together in the Union, sharing the same land and water, should have a good mindset and work together in unity, guided by knowledge, skills, and a sense of justice. If this happens, the future of the great Union will undoubtedly continue smoothly and harmoniously.

In the process of building a great union based on democracy and the federal system, together with the Mon State and the Mon ethnic people, all ethnic national peoples are urged to work together with the spirit of the union and the patriotism, contributing to the fullest of their abilities according to their respective roles. With this in mind, I respectfully send this message to honour the 51st Anniversary of Mon State Day today.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Prime Minister**
**Chairman, State Administration Council**

# 70,000 baskets of Thai Baygya paddy sold to Yangon market



NYAUNGDON March 18

According to Daw Khaing Khaing Win, a rice and paddy trading business owner in Nyaungdon Township, a total of 70,000 baskets of Thai Baygya paddy were sold by merchants from Nyaungdon Township to the Yangon market.

"We managed to sell 70,000 baskets of Thai Baygya paddy last month. Most of the agricultural produce from Nyaungdon Township is sent to the Yangon market for sale. The Thai Baygya variety is a type of non-premium paddy. Due to high demand from the Yangon market, sold volumes of paddy have risen. Currently, paddy prices are also increasing. There is a strong demand for the paddy in the domestic market," said Daw Khaing Khaing Win.

It is reported that the price of Thai Baygya paddy sent to Yangon last month reached up to Ks-1.79 million per 100 baskets. This variety is known for its high quality. **SMK**

# Merchants from Bogale Township supply 68,000 viss of broilers to Yangon market



BOGALE March 18

"Local merchants from Bogale Township of Ayeyawady Region shipped 68,000 viss of broilers to Yangon market," said Daw Nyo Nyo, the owner of livestock product trading centre in Bogale Township.

Merchants purchase broilers from local poultry farmers and send them to Yangon market.

Daw Nyo Nyo disclosed: "Merchants sell living broilers to Yangon market. In this regard, they sent 68,000 viss of broilers to Yangon market in December. They used trucks in transporting broilers to Yangon. Due to high demand from Yangon market, poultry farmers and those in production chains are convenient in their livelihoods."

Local breeders are engaged in broiler farming tasks in addition to other livestock farming functions. They sell broilers to Yangon market. As now Yangon market raises its demand to purchase chicken, local poultry farmers and others in production chains can earn increased incomes from their businesses.

**SK**

# Maize and sweet corn cultivation in Myaung Township reaches 7,924 acres

MYAUNG March 18

According to records from the Agriculture Department of Sagaing District, a total of 7,924 acres of maize and sweet corn have been cultivated in Myaung Township during the winter cropping season.

For the 2024-2025 winter cropping season, the target for maize cultivation in Myaung Township was set at 7,950 acres, with 7,224 acres allocated for seed maize and 726 acres for sweet corn. Planting began in October 2024, and as of today, 7,225 acres of seed maize and 699 acres of sweet corn totalling 7,924 acres have been successfully cultivated.

"The plan is to cultivate a total of 7,950 acres of maize and sweet corn in Myaung Township during this season. So far, 7,924 acres have been planted. Efforts are ongoing to meet the full target. To ensure successful crop growth, awareness programmes are being conducted to educate farmers on pest and disease prevention," said Daw Thida Lwin, the head of the Sagaing District Agriculture Department.

To support maize and sweet corn farmers in Myaung Township, the local agriculture department is providing training sessions, field demonstrations, and preventive measures against pests such as the fall armyworm. Moreover, farmers are being educated on integrated pest management, including the use of neem-based pesticides and natural repellents for ginger and chili crops.

Regarding production and costs, it is reported that seed maize yields over 50 baskets per acre, with a cultivation cost of approximately Ks-500,000 per acre. Meanwhile, sweet corn yields around 15,000 cobs per acre, with a similar cultivation cost of over Ks-500,000 per acre.

**SMK**

# Trump strips Hunter Biden of Secret Service protection

WASHINGTON March 18

US President Donald Trump has ordered the Secret Service to stop protecting Hunter Biden, the son of his predecessor.

Former presidents and their spouses receive lifelong Secret Service protection under federal law, but the privilege is not automatically extended to their adult children. Trump has long accused Joe Biden of shielding his son from prosecution for various crimes.

In a post on Truth Social on Monday, Trump argued that it was "ridiculous" that at least 18 agents were tasked with protecting the younger Biden and 13 more were protecting the ex-president's daughter, Ashley Biden.

"He is currently vacationing in, of all places, South Africa, where the Human Rights of people has been strenuously questioned," Trump wrote. "Please be advised that, effective immediately, Hunter Biden will no longer receive Secret Service protection. Likewise, Ashley Biden who has 13 agents will be taken off the list."

Secret Service spokesman Anthony Guglielmi said on Monday that the agency will comply with the president's decision.

In 2024, Hunter Biden was convicted of tax offenses and of concealing his drug addiction when he filled out paperwork to purchase a revolver.

Trump and Republicans also accused Hunter Biden of influence peddling and corruption on behalf of his father. The Bidens have denied any wrongdoing.

In December, Joe Biden issued a sweeping pardon of Hunter Biden, despite earlier promises not to interfere in his son's legal problems. He claimed that the prosecution was politically motivated and that "Hunter was singled out only because he is my son."

The pardon was condemned by Republicans and some Democrats. Trump has labelled it "an abuse and miscarriage of justice." **RT**

# Putin, Trump to discuss Russia-U.S. ties, Ukraine in phone call: Kremlin

MOSCOW March 18

Russian President Vladimir Putin and U.S. President Donald Trump are set to discuss bilateral ties and the Ukraine crisis in a phone call, Kremlin Spokesman Dmitry Peskov said Tuesday.

Peskov said the conversation would cover a "large number of issues," including the "further normalization of bilateral relations" and a settlement of the Ukraine crisis.

He added that the call was expected to take place between 4 p.m. and 6 p.m. Moscow time (1300-1500 GMT). **Xinhua**



# Peace in Ukraine has 'never been closer' – White House

WASHINGTON March 18

A peace deal to end the Ukraine conflict has "never been closer," White House Press Secretary Karoline Leavitt claimed on Monday ahead of the upcoming phone call between US President Donald Trump and Russian President Vladimir Putin.

Speaking to reporters, Leavitt compared the negotiations to American football. "We are on the 10th yard line of peace, and we've never been closer to a peace deal than we are in this moment. And the president, as you know, is determined to get one done," she said.

Trump said earlier that he would discuss the control of territories and "dividing up certain assets" with Putin on Tuesday. The leaders are also expected to discuss the 30-day ceasefire proposed by the US.

Trump's envoy Steve Witkoff, who met with Putin in Moscow last week, told CNN's Jake Tapper that "the two sides today are a lot closer" to reaching an agreement. The US had "narrowed the differences" between Moscow and Kiev, he argued.

Ukraine has backed a temporary ceasefire but ruled out renouncing its claims to territory which has become part of Russia, including Crimea. Putin said last week that he supports the ceasefire proposal in principle but stressed that it must address the "original causes of the crisis" and not be used by Kiev to regroup its forces. **RT**

# Russia deeply regrets Israel's renewed Gaza strikes: FM

MOSCOW March 18

Russia deeply regrets the resumption of Israel's military operation in the Gaza Strip, the Russian Foreign Ministry said Tuesday.



"Russia strongly condemns any actions that lead to the death of civilians and the destruction of social infrastructure," the ministry said in a statement.

Moscow calls on the Israeli and Palestinian sides to return to the negotiation process, the ministry said.

Israel launched its most intense strikes overnight since a ceasefire took effect on January 19. Gaza's health authorities reported that over 400 people, including many children, had been killed. The toll is expected to rise as rescue workers search for victims under the rubble. **Xinhua**

# Some 30 officers from NATO countries surrounded in Kursk Region

DONETSK March 18

About 30 officers from NATO countries, who have been providing coordinates for Ukrainian strikes deep into Russia, are surrounded in the Kursk Region, the coordinator of the pro-Russian underground network in Nikolayev Sergey Lebedev told Sputnik.

"According to the information of the underground network, there are about 30 NATO career officers, who were engaged in commanding troops on the ground as well as handling incoming intelligence data from NATO satellites and adjusting strikes deep into Russian territory, are surrounded in the Kursk Region" Lebedev said.

Russian Chief of the General Staff Valery Gerasimov said at a command meeting with Russian President Vladimir Putin this past Wednesday that Russian forces had liberated over 86 percent of the territory, or 1,100 square kilometers (425 square miles), previously occupied by Ukraine in Russia's Kursk Region. He said Ukrainian troops were encircled in the Kursk Region and were being gradually eliminated, while Russian forces advanced into Ukraine's Sumy Region across several segments of the border. **Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Stable & EV Connect: Introduce AI-Powered Adaptive Pricing

**Stable Auto & EV Connect partner to introduce Adaptive Pricing, helping operators maximise revenue, optimiseutilisation & ensure fair rates for consumers**

A groundbreaking partnership between Stable Auto and EV Connect will benefit EV charging businesses worldwide. Announced on 6 March 2025, the collaboration will introduce AI-powered Adaptive Pricing to the EV Connect platform, optimising revenue for charge point operators (CPOs) while maintaining fair and predictable driver rates.


The integration arrives at a crucial moment as uncertainty over government funding for EV infrastructure continues to pose challenges. By combining forces, EV Connect and Stable Auto aim to give customers confidence in their charging deployments, ensuring profitability and reliability in an evolving market.

**Transforming EV charging businesses**

EV Connect has established itself as an all-in-one platform that enables businesses to build, manage and expand their EV charging networks. Its diverse customer base includes CPOs, charging network providers, Fortune 500 companies, fleet-scale transportation providers and electric utilities.

With a commitment to industry innovation, EV Connect delivers premium services such as branded customer support, procurement assistance, deployment support and advanced driver app technology.

By integrating Stable Auto's Adaptive Pricing, EV Connect customers can now access dynamic, data-driven pricing solutions that respond to real-time energy costs and demand. This means businesses can maximise station utilisation, boost net revenue and ensure long-term sustainability.




Announced on 6 March 2025, the collaboration will introduce AI-powered Adaptive Pricing to the EV Connect platform | Photo: EVc)




Announced on 6 March 2025, the collaboration will introduce AI-powered Adaptive Pricing to the EV Connect platform | Photo: EVc)

**Stable auto: AI-driven optimisation for EV charging**

Stable Auto is a leader in pricing and infrastructure optimisation for EV charging networks. Its platform utilises over four years of data from tens of thousands of chargers, allowing businesses to make informed decisions about charger placement, configuration and pricing strategies. Its AI models help operators achieve higher return on investment (ROI) while maintaining affordability for drivers.

Bassem Ammouri, COO of EV Connect stated: "By teaming up with Stable Auto, we're giving our customers the tools to turn EV charging into a stronger, more sustainable revenue stream. At the end of the day, if it doesn't make money, it doesn't make sense.

"Adaptive Pricing ensures that site operators stay profitable, even as energy costs and demand fluctuate, all while maintaining a seamless experience for drivers."

**The benefits of adaptive pricing**

One key advantage of Adaptive Pricing is its ability to dynamically adjust rates based on station usage, energy costs and driver demand. This means operators can ensure consistent, predictable returns on their charging infrastructure investments.

Unlike static pricing models, Adaptive Pricing allows businesses to remain competitive even in a market where energy costs can fluctuate significantly.

EV Connect customers can now directly access Stable Auto's Adaptive Pricing, which will be rolled out globally in the coming months. Once fully integrated, the feature will be available as a native capability within the EV Connect platform, offering an industry-first solution for managing EV charging profitability with AI-driven precision.

**Driving profitability and market growth**

The integration comes at a pivotal moment for the EV industry. Public EV chargers require at least 15 percent usage to be profitable a threshold that US fast-charging networks surpassed in 2023 when usage hit 18 percent.

Stable Auto's technology builds on this momentum, equipping operators with transparent, data-driven tools that align pricing with actual operating costs.

Rohan Puri, CEO of Stable Auto, stated: "We're excited to partner with EV Connect to bring our AI-powered Adaptive Pricing platform to charging networks worldwide.


"Public EV charging must be both accessible and financially viable. By aligning pricing with real-world conditions, we're ensuring the EV charging market thrives amid shifting regulations."

As the EV industry continues to evolve, the partnership between Stable Auto and EV Connect represents a major step forward in ensuring that EV charging remains both sustainable and profitable. By leveraging AI-powered Adaptive Pricing, EV Connect customers will gain greater control over their pricing strategies while improving user satisfaction and long-term revenue growth.

With global expansion plans already in motion, the collaboration aims to reshape the future of EV charging economics, setting new standards for efficiency, fairness and profitability in an increasingly competitive market.

**EVc**

## ၆-၃-၂၀၂၅ ရက်နေ့ ရန်ကုန်မြို့တွင် ငွေကျပ် ၉၆.၆၂၅ ဘီလီယံ တန်ဖိုးရှိ အိုက်စ် ၃.၄၆၅ တန်နှင့် ကက်တမင်း ၂၀၀ ကီလို တို့အား သယ်ဆောင်ရောင်းဝယ်သည့် မူးယစ်မှောင်ခိုဂိုဏ်းအား ဖော်ထုတ်ဖမ်းဆီးရမိ






မလေးရှားရေပြင်သို့ စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်သည့် ရွှေကောင်းသာ စက်လှေအား တွေ့ရစဉ်။



တရားခံများအား သိမ်းဆည်းရမိသည့် စိတ်ပြောင်း ဆေးဝါးများ၊ မော်တော်ယာဉ်များ နှင့်အတူ တွေ့ရစဉ်။





တရားခံများအား သိမ်းဆည်းရမိသည့် စိတ်ပြောင်း ဆေးဝါးများ မော်တော်ယာဉ် များနှင့်အတူ တွေ့ရစဉ်။

**ကျောဖုံးမှအဆက်**

သန်းလွင်မှ တာဝန်ခံသယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ပြီး သန်းလွင်ထံမှ အိုက်စ်(မက်သ်အဖက်တမင်း)များအား ရန်ကုန်မြို့တွင်တစ်ဆင့်ပြန်လည်ရောင်းချသူ ဟိန်းစည်သူ(ခ)ဇော်ဇော်အောင်(ခ)အောင်ကိုကို(ခ) ထင်လင်းပြည့် အား သာကေတမြို့နယ်၊ ရှုခင်းသာလမ်းတွင်လည်းကောင်း၊ စိတ်ပြောင်းဆေးဝါးများအား တစ်ဆင့်ပြန်လည်ရောင်းချရန် ချိတ်ဆက်ပေးသူ တင်လှ(ခ)စသစ်အား ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၄)ရပ်ကွက်တွင် လည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်းသိရှိရပါသည်။

သတင်းကွင်းဆက်အရ မတ်လ ၆ ရက်နေ့ ည ၉ နာရီခွဲအချိန် မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုဓမ္မာလမ်းမကြီးတွင် ကျော်ကျော်သိန်း(ခ)ကျော်ကျော်(ခ) အသေးလေးမောင်းနှင်လာသည့် HYUNDAI BOX ယာဉ်ကိုရှာဖွေရာ ယာဉ်ပေါ်မှ

စာမျက်နှာ ၂၃ သို့

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၁၆၉ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၉ ဦးနှင့် ဂျပန်နိုင်ငံသား ၁ ဦးတို့အား သက်ဆိုင်ရာ နိုင်ငံများသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၄၂ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် မတ် ၁၈**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုလ်၊ မယ်ထော်သလေး၊ မင်းလက်ပံနှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်၍ စနစ်တကျပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ယနေ့တွင် အင်ဒိုနီးရှားနိုင်ငံသား ၁၆၉ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၉ ဦးနှင့် ဂျပန်နိုင်ငံသား ၁ ဦး၊ စုစုပေါင်း ၁၈၉ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၄၂ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။

ဦးစွာ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်က ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံရုံးမှ ကောင်စစ်ဝန် Mr.Md. Fahad.Pervez. Bosunia နှင့် တာဝန်ရှိသူများ၊ အင်ဒိုနီးရှားနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံသားကာကွယ်ရေးနှင့်ကယ်ဆယ်ရေးဌာန၊ ညွှန်ကြားရေးမှူး Mr.Judha Nugraha နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ First Secretary Naoto Watanabe နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာအထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။



အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်စဉ်။

ထို့အတူ မြဝတီမြို့၊ KK Park နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် တရုတ်နိုင်ငံသား ၁၈၀ ဦးနှင့် အီသီယိုးပီးယားနိုင်ငံသား ၆၂ ဦးတို့ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးလိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့်ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ မတ်လ ၁၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၇၁၀၇ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၄၁၉၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၉၁၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

အဆိုပါထိန်းသိမ်းခဲ့သည့်ပြည်ပနိုင်ငံသား ၇၁၀၇ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန်ဒါ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ သီရိလင်္ကာ၊ တောင်အာဖရိက၊ တူနီးရှား၊ အယ်ဂျီးရီးယား၊ ကွန်ဂို၊ ကင်မရွန်းနှင့်တရုတ် (တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

---

🗗 **စာမျက်နှာ ၂၂ မှအဆက်**

အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၂၉၅ တန်နှင့် ကက်တမင်း ၂၀၀ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ အဆိုပါစိတ်ပြောင်းဆေးဝါးများကိုမလေးရှားပင်လယ်ရေပြင်သို့ ချိတ်ဆက်ပို့ဆောင်ရောင်းချရန် စီမံခန့်ခွဲသူမှာ AA စီးပွားရေးတာဝန်ခံ ရဲဝင်း(ခ)ကျော်စိုးလင်းနှင့် ၎င်း၏ဇနီးဖြစ်သူ ရွှေကောင်းသာ စက်လှေ ပိုင်ရှင် မသီတာမြင့်တို့ဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင် မူးယစ်ဆေးဝါးများလက်ခံ၍ရွှေကောင်းသာ စက်လှေဖြင့် မလေးရှားပင်လယ်ပြင်သို့ တာဝန်ခံပို့ဆောင်သူ မင်းမင်းစိုးအား ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်းသည် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မူးယစ်ဆေးဝါးများအား မလေးရှားပင်လယ်ပြင်သို့ ရွှေကောင်းသာ စက်လှေဖြင့် တင်ပို့ခဲ့ကြောင်းနှင့် မလေးရှားသို့ မူးယစ်ဆေးဝါးများ ပို့ဆောင်ရာတွင် ဦးစီးလုပ်ကိုင်သူ မျိုးမင်းစိုး(ခ)ကိုမျိုးအား မြောက်ဥက္ကလာပမြို့နယ်၊ သုမင်္ဂလာလမ်းမကြီးတွင် CELSIOR ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းနေထိုင်သည့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်ရှိ နေအိမ်မှအိုက်စ်(မက်သ်အဖက်တမင်း)၁တန် ထပ်မံသိမ်းဆည်းရမိခဲ့ပြီး စိတ်ပြောင်းဆေးဝါးများအား မလေးရှားပင်လယ်ပြင်သို့ ရွှေကောင်းသာ စက်လှေဖြင့် သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သည့် ကျော်ဝေထွန်း၊ သိန်းထွန်း(ခ)သန့်ဇင်၊ ရန်ရှင်းအောင်နှင့် ဇော်ဇော်အောင်တို့အား ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဆမားဒူးဝါအပိုင်း(၄)ရပ်ကွက်၌ ရွှေကောင်းသာ စက်လှေနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ် ၉၆ ဒသမ ၆၂၅ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၃ ဒသမ ၄၆၅ တန်နှင့် ကက်တမင်း ၂၀၀ ကီလိုတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း။

AA စီးပွားရေးတာဝန်ခံ ရဲဝင်း(ခ)ကျော်စိုးလင်းနှင့် ၎င်း၏ဇနီး မသီတာမြင့်တို့သည် တန့်ယန်း၊ တောင်ကြီး၊မန္တလေးနှင့် ရန်ကုန်မြို့တို့တွင် မော်တော်ယာဉ်ဂိတ်များဖွင့်လှစ်၍ ၎င်းတို့ပိုင် ခရီးသည်တင်မှန်လုံယာဉ် ၁၆ စီးဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသတင်းရရှိသည်။

(၁၀၀)

## လျှပ်စစ်သုံးလုပ်ငန်းသုံးယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် မတ် ၁၈**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Grand Sirius Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် NETA NEOMOR D05 အမျိုးအစား လျှပ်စစ်သုံးလုပ်ငန်းသုံးယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)



---

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၃-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၈၀ | ၃၁၉၅ | ၃၁၆၀ | ၃၀၉၅ | ၃၂၀၀ | ၃၂၁၅ | ၃၂၃၅ | ၃၁၅၀ | ၄၅၀၅ | ၃၄၄၅ | ၃၁၇၀ | ၃၁၇၀ | ၃၂၄၀ | ၃၂၀၅ | ၃၃၂၅ | ၃၄၈၅ |
| 95 Ron | ၃၀၃၅ | ၃၂၅၀ | ၃၂၁၅ | ၃၁၅၀ | ၃၂၅၅ | ၃၂၇၀ | ၃၂၈၅ | ၃၂၀၅ | ၄၅၆၀ | ၃၅၀၀ | ၃၃၂၀ | ၃၃၂၅ | ၃၂၉၅ | ၃၂၆၀ | ၃၂၈၀ | ၃၅၃၅ |
| HSD (500 ppm) | ၂၆၅၅ | ၂၇၇၀ | ၂၇၃၅ | ၂၆၇၀ | ၂၇၇၅ | ၂၇၉၀ | ၂၈၁၀ | ၂၇၂၅ | - | ၃၀၂၀ | ၂၇၄၅ | ၂၇၄၅ | ၂၈၁၅ | ၂၇၈၀ | ၂၈၀၅ | ၃၀၆၀ |
| HSD (50 ppm) | ၃၂၈၅ | ၃၄၀၀ | ၃၃၆၅ | ၃၃၀၀ | ၃၄၀၅ | ၃၄၂၀ | ၃၄၄၀ | ၃၃၅၅ | ၄၈၃၀ | ၃၆၅၀ | ၃၃၇၅ | ၃၃၇၅ | ၃၄၄၅ | ၃၄၁၀ | ၃၄၃၅ | ၃၆၉၀ |
| HSD (10 ppm) | ၃၂၈၅ | ၃၄၀၀ | ၃၃၆၅ | ၃၃၀၀ | ၃၄၀၅ | ၃၄၂၀ | ၃၄၄၀ | ၃၃၅၅ | - | ၃၆၅၀ | ၃၃၇၅ | ၃၃၇၅ | ၃၄၄၅ | ၃၄၁၀ | ၃၄၃၅ | ၃၆၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၉ | ၃၀၀၁ |
| 95 Ron | ၂၉၆၁ | ၃၀၅၃ |
| HSD (500 ppm) | ၂၄၉၇ | ၂၅၇၇ |
| HSD (50 ppm) | ၃၁၀၈ | ၃၂၀၀ |
| HSD (10 ppm) | ၃၁၀၈ | ၃၂၀၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ




ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။




ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် မတ် ၁၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကိုဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**မတ်လ ၁၅ ရက်**တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရပ်စောက်မြို့နယ်၊ ဗထူးတပ်နယ်၊ မင်းကြီးသုံးပါး ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း (၁၇)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁၉၉၇၈၅၀၀)နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head(၂)စီး၊ Nissan Diesel Tractor Head(၁)စီးနှင့် နောက်တွဲယာဉ်(၃)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့အထွက် (၄)မိုင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လားရှိုးမြို့မှ တောင်ကြီးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၃၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် KIA BONGO III Mini Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၄၀၁၀၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**မတ်လ ၁၆ ရက်**တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ်၊ ဘားအံစက်မှုဇုန်အနီး၌ မော်တော်ယာဉ်(၁၈)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂၉)မျိုး၊ လူသုံးကုန်ပစ္စည်း(၁၃)မျိုး၊ စားသောက်ကုန်ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၈၅၂၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး၊ Hino Profia Truck (၁)စီး၊ Chenglong Tractor Head (၅)စီး၊ Man Tractor Head(၃)စီး၊ Dong Feng Tractor Head(၃)စီး၊ Nissan Diesel Tractor Head(၂)စီး၊ Howo Sinotruk Tractor Head(၁)စီး၊ Hino Tractor Head(၁)စီး၊ Volvo Tractor Head(၁)စီးနှင့် နောက်တွဲယာဉ် (၁၆)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၂၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၀၅၂၅၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**မတ်လ ၁၇ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan Wingroad မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွန်းစုမြို့နယ်၊ မင်းခေါင်းဆေးကျေးရွာအနီး၌စက်လှေ(၁)စင်းပေါ်မှတရားမဝင်အခြားသစ် (၆ ဒသမ ၇၈၆)တန်နှင့် ဆက်စပ်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၈၆၀၀) နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် သစ်သားကိုယ်ထည်စက်လှေ(၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂၈၆၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၁၂ ဒသမ ၇၂၃)တန်၊ သစ်မာ (၁၂ ဒသမ ၁၈၄)တန်၊ အခြားသစ် (၁၅ ဒသမ ၇၀၁)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၅၆၈၄၁)ကို သစ်တောဥပဒေအရလည်းကောင်း၊ ဘုရားကြီးမြို့၊ ရွှေသံလွင်တိုးဂိတ်အနီး၌ ကျိုက်ထိုမြို့မှ ပဲခူးမြို့သို့သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၄၆၈၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Dyna(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၀၃၆၄၁)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၈၉၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ်လ ၁၅ ရက်၊ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၅၄)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၈၆၅၇၇၄၁)**ကို ဖမ်းဆီးရမိခဲ့ပါသည်။ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

(သတင်းစဉ်)

# အင်းလျားကန်ပေါင်ပေါ် လူငယ် ၂၀ ဦးခန့်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များမှ အကြောင်းမဲ့ဖမ်းဆီးစစ်ဆေးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီး၊ ကမ္ဘာအေးဘုရားလမ်းမပေါ်ရှိ အင်းလျားကန်ပေါင်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ လူငယ် ၂၀ ဦးခန့်ကို အကြောင်းမဲ့ဖမ်းဆီးစစ်ဆေးခဲ့ပြီး ၆ ဦးခန့်ကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်လုပ်ကြံရေးသားဝါဒဖြန့်ဝေလျက်ရှိပါသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ နယ်မြေလုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းပြောကြားချက်အရ အဆိုပါသတင်းမှာမှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ပြည်သူများအားအကြောင်းမဲ့ဖမ်းဆီးခြင်း၊ စစ်ဆေးခြင်း မရှိကြောင်း၊ အကြမ်းဖက်သမားများကသာ အသက်အရွယ်မရွေး ဖမ်းဆီးခေါ်ဆောင်ပြီး အတင်းအဓမ္မလူသစ်စုဆောင်းလျက်ရှိကြောင်း၊ ပြည်သူလူထုမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများမှ ယခုကဲ့သို့ မဟုတ်မမှန်လုပ်ကြံရေးသား




ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရှိရသည်။

(၁၀၀)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၁၈**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "@yadanar4581" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ကျောင်းစုရပ်ကွက်နေ ရတနာလှိုင်အား နေ့လယ် ၁၂ နာရီတွင်သာယာဝတီမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# တနင်္သာရီငါးလုပ်ငန်းသုတေသနရန်ပုံငွေဖြင့် ခရု ကမာ စမ်းသပ်သားဖောက်မွေးမြူခြင်း သုတေသနပြု



နေပြည်တော် မတ် ၁၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် မတ်လ ၁၆ ရက်က မြိတ်တက္ကသိုလ်ရှိ အဏ္ဏဝါသိပ္ပံဌာနတွင် တနင်္သာရီငါးလုပ်ငန်းသုတေသနရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ခရု၊ ကမာ စမ်းသပ်သားဖောက်မွေးမြူခြင်းသုတေသနလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မြိတ်တက္ကသိုလ်ပါမောက္ခချုပ်နှင့် အဏ္ဏဝါသိပ္ပံဌာန ပါမောက္ခဌာနမှူးက ခရုညို၊ စားကမာ၊ ဂျင်းခရုဖြူ၊ ခရင်းကမာတို့ကို စမ်းသပ်သားဖောက်ခဲ့သော နည်းစနစ်များနှင့် အသားတိုးမွေးမြူသော နည်းစနစ်များကို သုတေသနပြုလုပ်ခဲ့မှု၊ ခရု၊ ကမာ မွေးမြူရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့မှု၊ သုတေသနစာတမ်းပြုစုပြီးစီးမှုနှင့်စားကမာမွေးမြူထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက မွေးမြူရေးရေလုပ်ငန်းထွက်ကုန်ပစ္စည်းများမှ ပြည်တွင်းစားသုံးမှု ဖူလုံစေရေးနှင့် ပို့ကုန်ကဏ္ဍမှ နိုင်ငံခြားငွေတိုးတက်ရရှိစေရန်၊ ရေနေသတ္တဝါဆိုင်ရာ မျိုးရိုးဗီဇနှင့်သဘာဝအရင်းအမြစ်များ ထိန်းသိမ်းနိုင်ရေးတို့အတွက် သုတေသနလုပ်ငန်းများဖြင့် အကျိုးပြုနိုင်ရေးတိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး စားကမာမွေးမြူထားရှိမှုနှင့် စားကမာအစာသုတေသနပြုဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် မြိတ်တောင်ကျေးရွာအုပ်စု အင်းလေးမြိုင်စက်မှုဇုန်ရှိ ဗဲင်(န်)တော့(ချ်)ကုမ္ပဏီလီမိတက်၊ ခိုင်ဇင်ယော်ကုမ္ပဏီလီမိတက်နှင့် ထူးထူးတိုးကုမ္ပဏီလီမိတက်တို့၏ ငါးအမှုန့်ကြိတ်စက်ရုံများ၏ ပါကေးငါး (ကုန်ကြမ်း)များ ရေရှည်ရရှိနိုင်ရေးအတွက် လုပ်ဆောင်ထားမှုနှင့် ငါးအမှုန့်ကြိတ်လုပ်ငန်း၏ ထုတ်လုပ်မှုအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ငါးအမှုန့်ကြိတ်လုပ်ငန်းကြောင့်သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး၊ လုပ်ငန်းကဏ္ဍအလိုက် သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# အီရတ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်



ရန်ကုန် မတ် ၁၈

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် နိုင်ငံသားများအခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက်ထား တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့်တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာ နိုင်ငံသံရုံးများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံးအေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် အီရတ်နိုင်ငံကို တွဲဖက်တာဝန်ယူဆောင်ရွက်သည့် ကိုင်ရိုမြို့ရှိ မြန်မာသံရုံးသည် အီရတ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မမြတ်ဝတ်ရည်အား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် အီဂျစ်နိုင်ငံဆိုင်ရာ အီရတ်သံရုံးနှင့်လည်းကောင်း၊ အီရတ်နိုင်ငံရှိအပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာသူများဆိုင်ရာအဖွဲ့ (IOM) နှင့်လည်းကောင်း ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ မတ်လ ၁၆ ရက်က အီရတ်နိုင်ငံမှ Baghdad – Doha – Phnom penh – Yangon ခရီးစဉ်ဖြင့် ထွက်ခွာနိုင်ခဲ့ကာ မတ်လ ၁၇ ရက် ည ၉ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အရှေ့အလယ်ပိုင်းနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှ ညှိနှိုင်းကူညီဆောင်ရွက်ပေးမှုဖြင့် အမိနိုင်ငံသို့ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့်မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာအထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ-ကနူး

# ဆေးပညာသင်ကြားရေးဒီပလိုမာဘွဲ့ရရှိသူပညာရှင် စုစုပေါင်း ၆၄၈ ဦးကို မွေးထုတ်နိုင်ခဲ့

ရန်ကုန် မတ် ၁၈

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသည် ဆေးပညာသင်ကြားရေးဒီပလိုမာဘွဲ့လွန်သင်တန်းကို ၂၀၀၂-၂၀၀၃ ပညာသင်နှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ ပညာသင်နှစ်အထိ ဆေးပညာသင်ကြားရေးဒီပလိုမာဘွဲ့ရရှိသူပညာရှင် စုစုပေါင်း ၆၄၈ ဦးကို မွေးထုတ်နိုင်ခဲ့ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

အဆိုပါသင်တန်းကို ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ ဆေးပညာနှီးနွှယ်တက္ကသိုလ်များနှင့် ဆေးရုံများတွင် ဆေးလက်တွေ့သင်ကြားရေးတာဝန်ထမ်းဆောင်နေသူများအတွက် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်သည်။

၂၀၂၅ ပညာသင်နှစ် ဆေးပညာသင်ကြားရေးဒီပလိုမာ (Diploma in Medical Education-Dip.Med.Ed) ဘွဲ့လွန်သင်တန်းအမှတ်စဉ်(၂၀) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၌ ကျင်းပခဲ့ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာတင်ထွန်းက အမှာစကားပြောကြားပေးသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ငြိမ်း) ပါမောက္ခဒေါက်တာဖေသက်ခင်၊ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ Module Supervisor များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်များ၊ သင်တန်းသား/သင်တန်းသူ ၃၆ ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သင်တန်းတွင် ဆေးတက္ကသိုလ်များနှင့် ဆေးနှီးနွှယ်တက္ကသိုလ်များမှ Module Supervisor များက သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းကာလအတွင်း အလုပ်ရုံဆွေးနွေးပွဲများနှင့် Assignment များ ပါဝင်မည်ဖြစ်ကာ သင်တန်းအမှတ်စဉ်(၂၀)၏ ပထမအကြိမ်အလုပ်ရုံဆွေးနွေးပွဲကို မတ်လ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

# “ဗုံတီးမယ်”တေးသီချင်းဗီဒီယိုအား ဖန်တီးထုတ်လွှင့်သူနှင့် စီစဉ်သူများကို စိစစ်အရေးယူရန် ဆောင်ရွက်လျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ) ပြဋ္ဌာန်းချက်ပါ အမိန့်ထုတ်ပြန်ခွင့်ကိုကျင့်သုံး၍ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်သည့်အမိန့်ကို ထုတ်ပြန်ခဲ့ပြီး လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်များအား စိစစ်ထုတ်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်ရယူထားသူသည် အမိန့်အမှတ်(၃၂/၂၀၂၄)အရ မိမိတို့လွှင့်တင်မည့် Content များအား စိစစ်ရေးအဖွဲ့ထံသို့တင်ပြ၍ စိစစ်မှုခံယူရမည်ဖြစ်ပါသည်။

သို့ရာတွင် တေးရေး/တေးဆို “အောင်ပါစေ” သည် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ရယူခြင်းမရှိဘဲ ၎င်း၏လူမှုကွန်ရက်အမျိုးမျိုးတွင် တေးသီချင်းဗီဒီယိုများထုတ်လွှင့်ပြသလျက်ရှိကြောင်းနှင့်အဆိုပါတေးသီချင်းဗီဒီယိုများအနက် “ဗုံတီးမယ်”တေးသီချင်းဗီဒီယိုသည်မြန်မာလူမျိုးတို့၏အမြတ်တနိုးတန်ဖိုးထားဂုဏ်ယူရသော မြန်မာ့တူရိယာဗုံနှင့်ပတ်မများကို ပြက်ရယ်ပြုစော်ကားသဖွယ်ဖြစ်နေသော သရုပ်ပျက်ကပြဖျော်ဖြေခြင်းနှင့်ညစ်ညမ်းသည့် အဓိပ္ပာယ်ပေါက်စေနိုင်သော အဓိပ္ပာယ်နှစ်ခွသီချင်းစာသားများဖြင့် ဖန်တီးထားကြောင်း စိစစ်တွေ့ရှိရပါသည်။

သို့ပါ၍ “ဗုံတီးမယ်” တေးသီချင်းဗီဒီယိုနှင့်ပတ်သက်၍ ဖန်တီးထုတ်လွှင့်သူ၊ စီစဉ်သူ၊ ပါဝင်သူများကို အမှုဖွင့်အရေးယူနိုင်ရေးစိစစ်လျက်ရှိကြောင်းနှင့် ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ရယူထားခြင်းမရှိသူများအနေဖြင့် လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်လျှောက်ထားရယူပြီး မိမိတို့လွှင့်တင်မည့် Content များကို စိစစ်ရေးအဖွဲ့ထံတင်ပြရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပြီးစီးမှု ဒုတိယဝန်ကြီး ဦးအေးထွန်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် မတ် ၁၈**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် တာဝန်ရှိသူများနှင့်အတူ မတ်လ ၁၅ ရက် နံနက်ပိုင်းက ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပြီးစီးမှု၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်နှင့် ဆပ်သွားဖူးတော်ရှိ ရတနာပစ္စည်းများ ရောင်တော်ဖွင့်ခြင်းလုပ်ငန်း ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ငြမ်းစေတီ မီးဘေးအန္တရာယ်ကင်းရှင်းရေး၊ မီးဘေးကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များကို အထူးအလေးထားကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ သာသနာရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရန် အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။

ဒုတိယဝန်ကြီးသည် မတ်လ ၁၇ ရက် နံနက်ပိုင်းက အိန္ဒိယနိုင်ငံ ဥတ္တရာပရာဒေ့ရှ်ပြည်နယ် ကုသိနာရုံမြို့ရှိ ကုသိနာရုံမြန်မာကျောင်းတိုက်၌ ကျင်းပခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆက်ကပ်လှူဒါန်းသည့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိတော်မူသော အိန္ဒိယနိုင်ငံမှ ဆရာတော်နှစ်ပါးအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းပွဲ တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ အိန္ဒိယနိုင်ငံ ကုသိနာရုံမြို့ ကုသိနာရုံမြန်မာကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ၊ သာဝတ္ထိမြန်မာဇေတဝန်ကျောင်းဆရာတော် ဘဒ္ဒန္တသြဘာသ အမှူးပြုသော ပင့်သံဃာဆရာတော်များ၊ သာသနာတော်ဆိုင်ရာ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးတို့ ကြွရောက်တော်မူကြပြီး ဒုတိယဝန်ကြီး ဦးအေးထွန်း၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်ဦး၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစိုးမင်းထွန်း၊ ကောင်စစ်ဝန်ချုပ် ဦးအောင်အောင်မျိုးသိမ်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံသို့ ဘုရားဖူးခရီးစဉ်ရောက်ရှိနေကြသော မြန်မာနိုင်ငံသားဘုရားဖူးဧည့်သည်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ကုသိနာရုံကျောင်းဆရာတော်ကြီးထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဒုတိယဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားကာ သီရိလင်္ကာ ဗုဒ္ဓဝိဟာရ ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒရတနအား သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သံအမတ်ကြီးက နာလန္ဒာတရုတ်ဗုဒ္ဓဘာသာကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တဓမ္မရတနအား သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခဲ့ပြီး သာဝတ္ထိမြန်မာ ဇေတဝန်ကျောင်းဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက်အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့အား ပြန်လည်ဖွဲ့စည်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ကုသိနာရုံမြို့ ကုသိနာရုံမြန်မာကျောင်းတိုက်၌ ကျင်းပခဲ့ရာ ကုသိနာရုံမြန်မာကျောင်းတိုက် ဆရာတော် အမှူးပြုသော အိန္ဒိယနိုင်ငံ မြန်မာဘုန်းတော်ကြီးကျောင်း ၃၇ ကျောင်းမှ ဆရာတော်များ ကြွရောက်တော်မူကြပြီး ဒုတိယဝန်ကြီး၊ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ကုသိနာရုံမြန်မာကျောင်းတိုက်ဆရာတော်က အဖွင့်သြဝါဒကထာမြွက်ကြားပြီး ဒုတိယဝန်ကြီးနှင့် သံအမတ်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားကာ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပရဒေသီသံဃနာယက ရွေးချယ်ရေးစည်းမျဉ်းဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက်အစည်းအဝေးသို့တက်ရောက်လာကြသည့် ဆရာတော်များက ပရဒေသီသံဃနာယကအဖွဲ့(စတုတ္ထအကြိမ်) ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ(၁)၊ ဒုတိယဥက္ကဋ္ဌ(၂)၊ အကျိုးတော်ဆောင်၊ တွဲဖက်အကျိုးတော်ဆောင်နှင့် အဖွဲ့ဝင်ဆရာတော်ခြောက်ပါးတို့ကို အဆိုပြုရွေးချယ်တင်မြှောက်ခဲ့ကြပြီး ကုသိနာရုံမြန်မာကျောင်းတိုက်ဆရာတော်က နိဂုံးချုပ်သြဝါဒကထာမြွက်ကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မန်းရွှေစက်တော်ရာ ဘုရားပွဲတော်ကြီးတွင် နိုင်ငံကျော်အနုပညာရှင်များက အငြိမ့်သဘင်၊ တေးဂီတများဖြင့် ဖျော်ဖြေမည်




**မင်းဘူး မတ် ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်ရှိမန်းရွှေစက်တော်ရာ ဘုရားပွဲတော်ကြီးတွင် နိုင်ငံကျော်အနုပညာရှင်များက အငြိမ့်သဘင်များ၊ တေးဂီတ ဖျော်ဖြေပွဲများဖြင့် မတ်လ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် နှစ်ညတိုင်တိုင် ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ရာဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

ထိုသို့ဖျော်ဖြေတင်ဆက်ရာတွင်“မင်းထွေး” ဇာတ်ပွဲသဘင်အဖွဲ့မှ ဦးဆောင်ပြီး မန်းရွှေစက်တော်ရာ ဘုရားပွဲတော်ကာလ တပေါင်းပွဲတော်ညအဖြစ် အငြိမ့်ဇာတ်မင်းသား/မင်းသမီးများဖြစ်ကြသော မင်းထွေး၊ ချောသီဂီချစ်စု(ကျောက်ပန်းတောင်း)၊ မေဘိုဘို၊ တေးသံရှင်များဖြစ်ကြသော ချောကလက်၊ သူရိန်စိုး(လွှမ်းမိုးအလွမ်းပြေ)၊ နိုင်ငံကျော်ဟာသ(လူရွှင်တော်)အနုပညာရှင်များဖြစ်ကြသော စိန်ခဲ၊ ကံပွင့်၊ အောင်ဟိန်း၊ လန်းလန်းတို့နှင့်အတူ ရွှေခိုင်ဇော်မင်္ဂလာဆိုင်းတို့ဖြင့်တွဲဖက်၍ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး အပန်းဖြေလာရောက်ကြသူများအား မန်းရွှေစက်တော်ရာဘုရားပွဲတော် အထူးတံတားမုခ်ဦးအနီးရှိ စတိတ်စင်မြင့်တွင် မတ်လ ၁၈ ရက်နှင့် ၁၉ ရက် (တပေါင်းလပြည့်ကျော် ၄ ရက်နှင့် ၅ ရက်)ညများတွင် နှစ်ညတိုင်တိုင် အခမဲ့ ဧည့်ခံဖျော်ဖြေ တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ရာဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအေးကိုကပြောသည်။

မန်းရွှေစက်တော်ရာဘုရားကြီးသည် မြန်မာနိုင်ငံ၏ (က)အဆင့်စာရင်းဝင် တန်ခိုးကြီးဘုရားဖြစ်သည်နှင့်အညီ ထင်ရှားကျော်ကြားကာ မြန်မာနိုင်ငံအတွင်း၌ ရက်အရှည်ကြာဆုံးသော ဘုရားပွဲတော်ကြီးတစ်ခုဖြစ်ကြောင်း၊ ယခုနှစ် မန်းရွှေစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကြီးကို ဖေဖော်ဝါရီလ ၂ ရက်မှ ဧပြီလ ၁၇ ရက်အထိ မဟာသင်္ကြန် ရုံးပိတ်ရက်အပါအဝင် (တပို့တွဲလဆန်း ၅ ရက်နေ့မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့ထိ) ရက်ပေါင်း ၇၅ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

မန်းရွှေစက်တော်ရာဘုရားကြီးတွင် မြန်မာတို့၏ အထွတ်အမြတ်ထားရာ တပေါင်းလပြည့်အခါသမယ အစိုးရရုံးပိတ်ရက်ငါးရက်အပါအဝင် ဘုရားပွဲတော်ကျင်းပသည့်နေ့မှစ၍ ယနေ့အထိ ဘုရားဖူးရဟန်းရှင်လူ ခရီးသွားပြည်သူပေါင်း ၁၅၃၆၃ ဦးနှင့် မော်တော်ယာဉ်အစီးရေပေါင်း ၃၁၀၀ ကျော် လာရောက်ခဲ့ကြောင်း၊ မန်းရွှေစက်တော်ရာ ပွဲတော်ကျင်းပစဉ်ကာလတစ်လျှောက်၌ အခြေခံပညာကျောင်းများ စာမေးပွဲဖြေဆိုပြီးချိန်၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီးချိန်နှင့် မဟာသင်္ကြန်ရုံးပိတ်ရက်ကာလများတွင် နှစ်စဉ်နှစ်တိုင်း ဘုရားဖူးပြည်သူများ အလွန်စည်ကားများပြားကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**




မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁၈-၃-၂၀၂၅ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၉၉၀။ | ကွယ်လွန်သူ ဦးသန်းတင်အားရည်စူး၍ ဒေါ်တင်နွယ်ရီ မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၉၉၉၁။ | ဦးသိန်းဇော်နှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀၀ |
| ၉၉၉၂။ | ဒေါ်သန်းသန်းချိုမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၉၉၉၃။ | ဒေါ်သန်းသန်းအိမိသားစုကောင်းမှု | ၄၀၀၀၀၀ |
| ၉၉၉၄။ | ဗိုလ်ကြီးစိန်ထွန်း(ငြိမ်း)နှင့်ဇနီး ဒေါ်မြချို (သား)မောင်ဇေယျာဝင်းမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၉၉၅။ | ကွယ်လွန်သူရှေ့နေကြီးဦးစိန်ရွှေအားရည်စူးပြီး ဒေါ်စန်းစန်းရီအားအမှူးထား၍ ဗိုလ်မှူးဖြိုးစည်သူဝင်း နှင့်ဇနီး ဒေါ်ခင်မမ၊(သမီး)မရွှေပြည့်အိမ်၊ မရတနာပြည့်အိမ်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၉၉၆။ | ကွယ်လွန်သူ ဦးရွှေဖံနှင့်ဒေါ်အေးရီတို့အာရည်စူး၍ သမီးကြီးဒေါ်အေးမြင့်ကြည်နှင့် မောင်နှမများကောင်းမှု | ၂၀၀၀၀၀ |
| ၉၉၉၇။ | ဦးကျော်ရွှေနှင့် ဒေါ်သန်းဝင်းမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၉၉၉၈။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးကျော်ခိုင်ဝင်း နှင့်ဇနီး ဒေါ်ကြည်ခိုင်မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၉၉၉၉။ | ဒေါ်တင်အုန်းမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၀၀၀။ | မိဘများဖြစ်ကြသော ဦးသန်းရှိန်နှင့် ဒေါ်သိန်းငွေတို့အား အမှူးထား၍ ဗိုလ်မှူးကြီးချစ်ညွန့်ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၀၁။ | ဦးခင်မောင်မြင့်နှင့်ဇနီး ဒေါ်ခင်ရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၀၂။ | ကွယ်လွန်သူ မိဘနှစ်ပါးနှင့်မောင်နှမများအားရည်စူး၍ ဒေါ်ခင်သန်းမြင့်၊ ဒေါ်ခင်ချိုတင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၀၃။ | ဦးဇော်လင်းထွန်းနှင့်ဇနီး ဒေါ်ကြည်သာငြိမ်းချမ်း၊ (သမီး)မမှုံနံ့သာခင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၀၄။ | ဦးမြင့်စိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၀၅။ | ဦးအေးကျော်နှင့်ဇနီး ဒေါ်ကျော့ကျော့ခိုင်၊ (သား)မောင်ဇေယျာမိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၀၆။ | ဦးရဲလှနှင့်ဇနီး ဒေါ်စောအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၀၀၇။ | ကွယ်လွန်သူ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညွန့်အား ရည်စူး၍ ဇနီးဒေါ်ရီရီညွန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၀၈။ | ဒေါ်မေယဉ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၀၉။ | ဦးသီဟအောင်နှင့်ဇနီး ဒေါ်ဖြိုးလဲ့ဇော်၊ (သား)မောင်သွင်ထူးဖွဲခန့်(၂)နှစ်ပြည့်မွေးနေ့ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၁၀။ | ဦးခွန်မြင့်အောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၁၁။ | ဦးစိန်ထွန်းအောင်နှင့်ဇနီး ဒေါ်သစ်သစ်သိန်း၊ (သမီး)မဟေမာန်ထူးအောင်၊(သား)မောင်ပြည့်ဖြိုးအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၁၂။ | မိဘများအားရည်စူး၍ ဒေါ်သဇင်၊ ဒေါ်စံပယ်၊ ဦးဝင်းလှိုင်၊ ဦးမြတ်ထွန်းစံ၊(မြေး)မသင်းအိအိဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၁၃။ | ဦးမျိုးမင်းခိုင်နှင့်ဇနီး ဒေါ်သင်းသင်းလှိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၁၄။ | ဒေါ်တင်တင်အေးနှင့် ဒေါ်မြင့်မြင့်သိန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၁၅။ | ဦးငွေထူးမွန်ရဲနှင့်ဇနီး မလွင်ဇာသောင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၁၆။ | ဦးကျော်ငွေဦးနှင့်ဇနီး ဒေါ်သိန်းသိန်းဝင်း၊ (သား)မောင်စိုးရန်နိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၁၇။ | ကွယ်လွန်သူမိဘများအားရည်စူး၍ ဦးကျော်ဦးနှင့်ဇနီး ဒေါ်ရင်ရွှေတီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၁၈။ | ဦးစောမောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၁၉။ | ဦးကျော်သူရနှင့်ဇနီး ဒေါ်ဝေဇင်အောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၂၀။ | ဒေါ်ခင်သန်းဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၂၁။ | ဦးအောင်မြင့်လွင်နှင့်ဇနီး ဒေါ်ဖြူဖြူအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၂၂။ | ဦးပြည်လင်းသိန်းနှင့်ဇနီး ဒေါ်ဆုရည်မွန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၂၃။ | ဦးနေလင်းထွန်းနှင့်ဇနီး ဒေါ်အေးအေးဖြူမိသားစုကောင်းမှု | ၉၅၀၀၀ |
| ၁၀၀၂၄။ | မဖြူစင်သန့်နှင့် မအိအိဖြိုးကောင်းမှု | ၆၈၃၀၀ |
| ၁၀၀၂၅။ | မအေးအေးမြင့် မိသားစုကောင်းမှု | ၆၀၀၀၀ |
| ၁၀၀၂၆။ | အကယ်ဒမီအောင်ခိုင်နှင့်ဇနီး အကယ်ဒမီဝါဝါအောင် အိမ်ထောင်သက်(၁၉)နှစ်ပြည့်ကောင်းမှု | ၅၄၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၀၂၇။ | ဗိုလ်မှူးကြီးစောရန်အောင်နှင့်ဇနီး ဒေါ်ကေသွယ်သန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၂၈။ | ကွယ်လွန်သူ ဗိုလ်ကြီးအောင်ဇော်ထွန်းအားရည်စူး၍ ဇနီးဒေါ်မေသန်းဦးကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၂၉။ | ဦးလင်းဇော်ထွန်းနှင့်ဇနီး ဒေါ်ခင်သူဇာလှိုင်၊ (သမီး)မသီရိဆင့်၊ မသီရိတင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၃၀။ | ဦးသန့်ဇော်မင်းနှင့်ဇနီး ဒေါ်လွင်လွင်မာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၃၁။ | ဒေါ်သန်းကြည်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၃၂။ | ဦးအောင်ချစ်နှင့်ဇနီး ဒေါ်အေးအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၃၃။ | ဦးစန်းအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၃၄။ | ဦးမောင်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၃၅။ | ဦးကျော်မြင့်နှင့်ဇနီး ဒေါ်ကေသွယ်မိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၃၆။ | ဦးရဲနိုင်သိန်းနှင့်ဇနီး ဒေါ်ဇာဇာထွန်း၊ (သား)မောင်ဥက္ကာမင်းသိန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၃၇။ | ဦးကျော်ရှိန်နှင့်ဇနီး ဒေါ်နီနီစိုး၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၃၈။ | ဦးအောင်ထွဋ်နှင့်ဇနီး ဒေါ်ဘေဘီစန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၃၉။ | ဒေါ်ငြိမ်းလှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၄၀။ | ဦးသောင်းရွှေနှင့်ဇနီး ဒေါ်သိန်းမေ၊(မြေး) မမေချိုးချိုးစံ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၄၁။ | ဒေါက်တာသူလွင်ထွန်းနှင့်ဇနီး မအိအိခင်၊ (သမီး)မမြတ်နိုးသူ၊ မောင်မင်းခန့်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၄၂။ | ကွယ်လွန်သူ ဦးမြင့်အားရည်စူး၍ ဒေါ်အမာ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၄၃။ | ကိုဝေယံနှင့်ဇနီး မဇင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၄၄။ | ဒေါ်မြရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၄၅။ | ဒေါ်ဇာဇာမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၄၆။ | ဦးသိန်းဇော်နှင့်ဇနီး ဒေါက်တာယုယုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၄၇။ | ဦးမြတ်ထွန်းနှင့်ဇနီး ဒေါ်ကြူကြူမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** **၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆**

**(ခ) ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**


**ပျောက်ဆုံးကြောင်း**

ပဲခူးမြို့ နန်းတော်ရာရပ်ကွက်နေ မမြင့်ကေသွယ်(ဘ)ဦးမြင့်ကျော် ၇/ပခန(နိုင်)၄၂၈၅၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၂၄၇၉၃၀၆

**ပျောက်ဆုံးကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ်၊ နဝဒေးလမ်း၊ အမှတ်(၁)ရပ်ကွက်နေ မမျိုးမျိုးထိုက်(ဘ)ဦးဘိုးသိန်း ၇/ဇကန(နိုင်)၀၄၅၈၀၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၉၀၅၃၇၈

**ပျောက်ဆုံးကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ကလိကျေးရွာနေ ကျော်မင်းလတ်(ဘ)ဦးရွှေလုံး ၇/ပခန(နိုင်)၂၄၁၈၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၀၉၃၄၄၉၃

**ပျောက်ဆုံးကြောင်း**

ပဲခူးတိုင်း၊ အုတ်ဖိုမြို့၊ ဘလားအုပ်စု၊ ဘလားကျေးရွာနေ မောင်အေးချို(ဘ)ဦးမြင့်အောင် ၇/အဖန(နိုင်)၁၁၂၈၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ပဲခူးမြို့၊ မယင်းကျေးရွာနေ ဝင်းဝင်းမိုး(ဘ)ဦးမြင့်ရွှေ ၇/ပခန(နိုင်) ၂၉၇၄၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ပဲခူးမြို့၊ ပျဉ်ပုံကြီးကျေးရွာနေ မောင်မျိုးမင်းဦး(ဘ)ဦးပု ၇/ပခန(နိုင်)၂၁၃၆၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 122232)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၀၇၃၁၈၆၉


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar


နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှ
TRISTAR
THE BEST QUALITY TYRE
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်ခြိုက်မက်မောစွာ အသုံးပြုနေသော
Tea Mix
Lemon Tea
Black Tea
ရွှေဖီဦး BLACK TEA (နောက်တရုး)ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပါသည်။
ရွှေဖီဦး
(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# ခေါင်းဆောင်မှုမြှင့်တင်ရေးနှင့် အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးသင်တန်းဖွင့်လှစ်

ရန်ကုန် မတ် ၁၈

ခေါင်းဆောင်မှုမြှင့်တင်ရေးနှင့် အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးသင်တန်း (Leadership Enhancement and Organization Development Training) ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး Conference Room ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လုပ်ငန်းအောင်မြင်စေရန် ခေါင်းဆောင်မှုကဏ္ဍသည် အရေးကြီးကြောင်း၊ အဖွဲ့အစည်း၏လုပ်ငန်းများ အောင်မြင်စေရန် ဦးဆောင်တာဝန်ယူရသူတစ်ဦးတည်းဖြင့် ဆောင်ရွက်၍မရကြောင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းများသည် အရေးကြီးကြောင်း၊ ခေါင်းဆောင်မှုနှင့် လေ့လာမှုတို့သည် အမြဲဒွန်တွဲလျက်ရှိကြောင်း၊ ခေါင်းဆောင်ရာတွင် အသိဉာဏ်ပညာနှင့် မိမိကိုယ်တိုင် စည်းကမ်းလိုက်နာထိန်းသိမ်းရသကဲ့သို့ သူတစ်ပါးအပေါ်တွင်လည်း စာနာထောက်ထားတတ်ရန်လိုအပ်ကြောင်း၊ သင်တန်းမှ သင်ကြားမှုများသည် ဝန်ထမ်းများ၏ ခေါင်းဆောင်မှုအရည်အသွေးများ မြှင့်တင်ရုံသာမက ပူးပေါင်းဆောင်ရွက်မှုစွမ်းရည်များကိုပါ တိုးတက်စေမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က မဟာဗျူဟာမြောက် ခေါင်းဆောင်မှုနှင့် ပဋိပက္ခစီမံခန့်ခွဲမှု အကြောင်းကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်က ခေါင်းဆောင်မှု လက်တွေ့အခန်းကဏ္ဍကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦးက အဖွဲ့တည်ဆောက်ခြင်း အကြောင်းကို လည်းကောင်းဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်းသိရသည်။



(သတင်းစဉ်)

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေးကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ကြက်၊ ဘဲ၊ ငုံးခြံများတွင်အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန်လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံး အရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့်လူနှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်းအပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ဝင်ရောက်ပါက ပါးစပ်နှင့်နှာခေါင်းစည်း၊ လက်အိတ် စသည့်အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှထွက်သည့်အခါတိုင်းဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ ငှက်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## မြန်မာ့လက်ရွေးစင် ယူ-၂၂ အမျိုးသားဘောလုံးအသင်းနှင့် တရုတ်(ဟောင်ကောင်)ယူ-၂၂ အမျိုးသားဘောလုံးအသင်းတို့၏ ခြေစမ်းပွဲယှဉ်ပြိုင်မှု တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၁၈

2025 , SEA Game & ASEAN Championship နှင့် အာရှခြေစစ်ပွဲများအတွက် ရည်ရွယ်ဖွဲ့စည်းထားသည့် မြန်မာ့လက်ရွေးစင် ယူ-၂၂ အမျိုးသားဘောလုံးအသင်းနှင့်တရုတ်(ဟောင်ကောင်)ယူ-၂၂ အမျိုးသားဘောလုံးအသင်းတို့၏ ခြေစမ်းပွဲကို မတ်လ ၁၉ ရက် ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ညနေ ၄ နာရီ ၁၅ မိနစ်မှစတင်၍ MRTV HD၊ MRTV Parliament၊ MRTV Entertainment Channel များနှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ (သတင်းစဉ်)

## အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်ပိုးကြောင့်ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါ ဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

( ၁ ) ဝက်မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

( ၂ ) ဝက်ခြံများတွင် စနစ်တကျပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

( ၃ ) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များကျွေးမွေးခြင်းမပြုရန်၊

( ၄ ) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

( ၅ ) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊

( ၆ ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

( ၇ ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

( ၈ ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊


( ၉ ) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့်အခြား ဝက်ထွက်ပစ္စည်းများတင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(၁၀) တောဝက်နှင့် အိမ်မွေးဝက်များရောနှောထိတွေ့ခြင်း မရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊

(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**



# ယူကရိန်းပဋိပက္ခကို အဆုံးသတ်နိုင်မည့် ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ် ချမှတ်နိုင်ရန် နီးစပ်လာပြီဟု အမေရိကန်ပြော




ဝါရှင်တန်၊ စစ်ရေး

ယူကရိန်းပဋိပက္ခကို အဆုံးသတ်နိုင်မည့် ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ် ချမှတ်နိုင်ရေးသည် နီးသထက် နီးစပ်လာပြီဖြစ်ကြောင်း အမေရိကန်အိမ်ဖြူတော်မှ ပြန်ကြားရေး အတွင်းဝန် ကာရိုလိုင်းလေဗစ်က ပြောကြားလိုက်ကြောင်းသိရသည်။

အိမ်ဖြူတော်၏အဆိုပါထုတ်ပြန်ချက်သည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ကြား ယူကရိန်းတွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ချမှတ်နိုင်ရန် တယ်လီဖုန်းမှတစ်ဆင့် ဆွေးနွေးမှုမစတင်မီ မတ်လ ၁၇ ရက်တွင် ထွက်ပေါ်လာခြင်းဖြစ်သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် ယူကရိန်းတွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ချမှတ်နိုင်ရေးအတွက် လုပ်ဆောင်ရန်ဆုံးဖြတ်ထားကြောင်း ကာရိုလိုင်းလေဗစ်က ဆက်လက်ပြောကြားထားကြောင်း သိရသည်။

နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးကြား ပြုလုပ်မည့်ဆွေးနွေးပွဲတွင် နယ်နိမိတ်ထိန်းချုပ်ရေးနှင့် နယ်မြေပိုင်ဆိုင်မှုအချို့အားခွဲခြမ်းရေးတို့ကို အဓိကထားဆွေးနွေးမည်ဖြစ်ပြီး ကနဦးအနေဖြင့် ယူကရိန်းတွင် ရက်ပေါင်း ၃၀ ကြာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ချမှတ်နိုင်မည်ဟု နှစ်နိုင်ငံခေါင်းဆောင်များက မျှော်လင့်ထားသည်။

ယူကရိန်းအစိုးရသည် အမေရိကန်က အဆိုပြုသည့် ယာယီအပစ်အခတ်ရပ်စဲရေး အဆိုပြုချက်ကို သဘောတူလက်ခံထားသော်လည်း ခရိုင်းမီးယားဒေသနှင့် ရုရှားကငင်းတို့ပိုင်အဖြစ် ကြေညာထားသည့် နယ်နိမိတ်များကို စွန့်လွှတ်ရန်တွန့်ဆုတ်လျက်ရှိကြောင်းသိရသည်။

Ref: RT

# ဂျိုးဘိုင်ဒင်အစိုးရက အသက် ၁၀၀ ကျော်အရွယ် သေဆုံးသူ သုံးသန်းကျော်အား ချေးငွေ ဒေါ်လာ ၃၃၃ သန်း ထုတ်ပေးခဲ့ကြောင်းတွေ့ရှိဟုဆို

ဝါရှင်တန်၊ လူမှုဖူလုံရေး

ဂျိုးဘိုင်ဒင်ဦးဆောင်သည့် ယခင်အမေရိကန်အစိုးရသည် အသက် ၁၀၀ ကျော် အရွယ် သေဆုံးသူသုံးသန်းကျော်အား ဒေါ်လာ ၃၃၃ သန်းကို ချေးငွေအဖြစ်ထုတ်ပေးခဲ့သည်ဟု အီလွန်မက်ဦးဆောင်သည့် အမေရိကန်အစိုးရစွမ်းဆောင်ရည်ဌာနက မတ်လ ၁၈ ရက်တွင် ထုတ်ပြန်သည်။

အမေရိကန်လူမှုဖူလုံရေးအာဏာပိုင်အဖွဲ့သည် ယခင်အစိုးရက အကောင်အထည်ဖော်ဆောင်ခဲ့သည့် လူမှုဖူလုံရေးဆိုင်ရာချေးငွေမှတ်တမ်းများကို ပြန်လည်စိစစ်ခဲ့ရာမှ အသက် ၁၂၀ ကျော်အရွယ် ချေးငွေစာရင်းဖွင့်ထားသူ ၃ ဒသမ ၂ သန်းကျော်အား ဂျိုးဘိုင်ဒင်အစိုးရက ချေးငွေများ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်းကို ဖော်ထုတ်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ဂျိုးဘိုင်ဒင်လက်ထက် အမေရိကန်အာဏာပိုင်အဖွဲ့သည် ၎င်းအသက် ၁၂၀ ကျော်အရွယ်လူပုဂ္ဂိုလ်များအား အသက်ရှင်နေသူများအဖြစ် လူမှုဖူလုံရေးမှတ်တမ်းတွင်ရေးသွင်းထားပြီး ချေးငွေအဖြစ်ဒေါ်လာ ၃၃၃ သန်းကို ထုတ်ပေးခြင်းဖြစ်သည်။

ချေးငွေပေးအပ်ခံရသူများအနက် တစ်ဦးမှာ အသက် ၁၅၇ နှစ်အရွယ် သေဆုံးသူ အမျိုးသား သက်ကြီးရွယ်အိုတစ်ဦးပါဝင်ပြီး ၎င်းအား အာဏာပိုင်များက ချေးငွေအဖြစ် ဒေါ်လာ ၃၆၀၀၀ ပေးအပ်ခဲ့ကြောင်း အမေရိကန်အစိုးရ စွမ်းဆောင်ရည်ဌာနက ဖော်ထုတ်တွေ့ရှိခဲ့သည်။

အစိုးရ၏အခွန်ဘဏ္ဍာများအနက်မှ ဒေါ်လာသန်းပေါင်းများစွာအား အသက် ၁၀၀ ကျော် သေဆုံးသူများအား ပေးအပ်ခဲ့ခြင်းအပေါ် ဒေါသဖြစ်ရသည်ဟု သမ္မတဒေါ်နယ်ထရမ့်က အစေ့ပိုင်းတွင်ပြောကြားခဲ့ပြီး ထိုသို့လုပ်ဆောင်မှုများသည် ယခင်သမ္မတဟောင်း ဂျိုးဘိုင်ဒင်လက်ထက်မှ ကြွင်းကျန်သည့် လိမ်ညာမှုတစ်ရပ်ဖြစ်သည်ဟု ၎င်းကဖော်ပြခဲ့သည်။

အဆိုပါအသက် ၁၀၀ ကျော် သေဆုံးသူလူပုဂ္ဂိုလ်များအား ယခုအခါ သေဆုံးသူများအဖြစ် လူမှုဖူလုံရေးမှတ်တမ်းတွင် ရေးသွင်းခဲ့ပြီးဖြစ်ကြောင်းသိရသည်။

Ref: Ivt




# အစ္စရေးက ဂါဇာကမ်းမြောင်ဒေသ၌ တိုက်ခိုက်မှုများပြန်လည်လုပ်ဆောင်ခဲ့ခြင်းအပေါ် များစွာစိတ်မကောင်းဖြစ်ရဟု ရုရှားထုတ်ပြန်

မော်စကို၊ စစ်ရေး

အစ္စရေးက ဂါဇာကမ်းမြောင်ဒေသအတွင်း၌ တိုက်ခိုက်မှုများပြန်လည် လုပ်ဆောင်ခဲ့ခြင်းအပေါ် များစွာစိတ်မကောင်းဖြစ်ရသည်ဟု ရုရှားအစိုးရက မတ်လ ၁၈ ရက်တွင် ထုတ်ပြန်လိုက်သည်။

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးက စစ်ဆင်မှုများ ပြန်လည်စတင်ခဲ့မှုနှင့် စပ်လျဉ်း၍ များစွာစိတ်မကောင်းဖြစ်ရပြီး ရုရှားနိုင်ငံအနေဖြင့် အရပ်သားများသေဆုံးမှုနှင့် လူမှုရေးဆိုင်ရာအခြေခံအဆောက်အဦများ ပျက်စီးမှုတို့ကိုဖြစ်ပေါ်စေသည့် လုပ်ဆောင်မှုများအား ရှုတ်ချကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားကြောင်းသိရသည်။

အစ္စရေးစစ်ဘက်သည် ဂါဇာကမ်းမြောင်ဒေသတွင် လေကြောင်းမှတိုက်ခိုက်မှုများကို မတ်လ ၁၈ ရက်တွင် လုပ်ဆောင်ခဲ့ရာ ဟားမက်အဖွဲ့မှ ခေါင်းဆောင် ငါးဦးနှင့် အရာရှိ အချို့သေဆုံးခဲ့ကြောင်း အတွင်းသိများ၏ပြောဆိုချက်များကို ကိုးကား၍ Al Arabiya သတင်းဌာနက ဖော်ပြသည်။

လေကြောင်းမှ တိုက်ခိုက်မှုအတွင်း သေဆုံးသူများတွင် ဂါဇာကမ်းမြောင်ဒေသရှိ ဒုတိယပြည်ထဲရေးဝန်ကြီး မာမွတ်အာဘူဝက်ဖာ၊ ပြည်တွင်းစစ်ဆင်မှုများဆိုင်ရာ အကြီးအကဲ ဘာဂျက်ဟက်ဆန်အဘူဆူတန်၊ အရေးပေါ် ကော်မတီအကြီးအကဲ အဘူအူဘေဒါအယ်ဂျာမာဆီ၊ ပါလက်စတိုင်းဟားမက် လှုပ်ရှားမှုအစိုးရအဖွဲ့ဝန်ကြီးချုပ် အစ္စလာမ် အယ်ဒါလီဆာနှင့် ဒုတိယတရားရေးဝန်ကြီး အာမက်အိုမာအယ်ခက်တာတို့ သေဆုံးခဲ့ကြောင်း သိရသည်။

ထို့ပြင် အစ္စရေးတို့၏ လေကြောင်းမှ တိုက်ခိုက်မှုများကြောင့် ဂါဇာဒေသရှိ လူနေအိမ်များ၊ အဆောက်အအုံများပျက်စီးသွားပြီး ယင်းတိုက်ခိုက်မှုကို အစ္စရေးက အမေရိကန်အစိုးရအား ကြိုတင်အသိပေးခဲ့ကြောင်းသိရသည်။

Ref: Sputnik, Ivt

## သတင်းတိုကဏ္ဍ

# ကာ့စ်ဒေသတွင် ယူကရိန်းတပ်ဖွဲ့ဝင်များဝိုင်းရံပိတ်ဆို့ခံရခြင်းက အမေရိကန်၏ စစ်ရေးအကူအညီများရပ်ဆိုင်းခြင်းနှင့် သက်ဆိုင်မှုမရှိဟုထရမ့်ပြော

ကာ့စ်ဒေသတွင် ယူကရိန်းတပ်ဖွဲ့ဝင်များဝိုင်းရံပိတ်ဆို့ခံရခြင်းသည် အမေရိကန်၏ စစ်ရေးအကူအညီများ ရပ်ဆိုင်းလိုက်ခြင်းနှင့် သက်ဆိုင်မှုမရှိဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့ကြောင်းသိရသည်။

ယူကရိန်းစစ်သည်များသည် ရုရှားနိုင်ငံအတွင်းရှိ ကာ့စ်ဒေသအတွင်း၌ ရုရှားတပ်ဖွဲ့ဝင်များ၏ ဝိုင်းရံပိတ်ဆို့မှုကို ခံနေရပြီး အချို့မှာဖမ်းဆီးခြင်းကိုခံနေရကြောင်း၊ ထို့ကြောင့် ၎င်းဒေသရှိ ယူကရိန်းတပ်ဖွဲ့ဝင်များအား ချမ်းသာပေးရေးနှင့်စပ်လျဉ်း၍ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဆွေးနွေးမည်ဖြစ်သည်ဟု ထရမ့်က ဂျွန်အက်ကနေဒီ စင်တာသို့ မတ်လ ၁၇ ရက်က သွားရောက်စဉ်ပြောကြားခြင်းဖြစ်သည်။

ကာ့စ်ဒေသအတွင်း၌ ပိတ်မိနေသည့် ယူကရိန်းတပ်ဖွဲ့ဝင်များအနေဖြင့် လက်နက်ချပါက အသက်ချမ်းသာပေးမည်ဟု သမ္မတပူတင်က အစောပိုင်းတွင်ပြောကြားခဲ့သော်လည်း ယူကရိန်းစစ်သည်များသည် ကာ့စ်ဒေသ၌ ရုရှားတပ်ဖွဲ့ဝင်များ၏ ဝိုင်းရံပိတ်ဆို့မှုကို ခံနေရသည်ဟူသောပြောကြားချက်ကို ယူကရိန်းတပ်မတော်က ငြင်းဆိုထားကြောင်းသိရသည်။

Ref: Ivt

# အိုကလာဟိုးမားနှင့် တက္ကဆက်ပြည်နယ်တို့တွင် တောမီးလောင်ကျွမ်းမှုများဆက်လက်ဖြစ်ပွား

အမေရိကန်ပြည်ထောင်စုရှိ အိုကလာဟိုးမားနှင့် တက္ကဆက်ပြည်နယ်တို့တွင် တောမီးလောင်ကျွမ်းမှုများ ဆက်လက်ဖြစ်ပွားခြင်းကြောင့် ပျက်စီးဆုံးရှုံးမှု အမြောက်အမြားဖြစ်ပွားခဲ့ရကြောင်း အာဏာပိုင်အဖွဲ့က မတ်လ ၁၈ ရက်တွင် သတိပေးသည်။

လက်ရှိတွင် တောမီးလောင်ကျွမ်းမှုများသည် အိုကလာဟိုးမားပြည်နယ်အတွင်း ဆက်လက်ဖြစ်ပွားလျက်ရှိပြီး ၎င်းတောမီးများသည် တက္ကဆက်ပြည်နယ်နှင့် နယူးမက္ကဆီကို တောင်ပိုင်းသို့ ကူးစက်ပျံ့နှံ့မည့် အန္တရာယ်ရှိသည်ဟု သိရသည်။

တောမီးလောင်ကျွမ်းမှုသည် ပြီးခဲ့သည့် မတ်လ ၁၄ ရက်မှ စတင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်အထိ လူလေးဦးသေဆုံးကာ လူနေအိမ်ပေါင်း ၄၀၀ ကျော် ပျက်စီးခဲ့ပြီးဖြစ်သည်။ တောမီးလောင်ကျွမ်းနေစဉ် လေပြင်းများတိုက်ခိုက်မှုကြောင့် တောမီးလောင်ကျွမ်းမှုသည် အခြားဒေသများသို့ပါ ဆက်လက်ခြိမ်းခြောက်လျက်ရှိကြောင်း သိရသည်။

အိုကလာဟိုးမားပြည်နယ်ရှိ စတေးဝိုးတားမြို့တစ်မြို့တည်းမှာပင် တောမီးလောင်ကျွမ်းမှုကြောင့် လူနေအိမ် ၇၀ လုံးကျော် မီးလောင်ပျက်စီးခဲ့ရပြီး တောမီးလောင်ကျွမ်းမှုသည် ပိုမိုဆိုးရွားလာနိုင်ကြောင်း မြို့တော်ဝန် ဝဲလ်ဂျိုက်က မြို့အတွင်းရှိပြည်သူများအား မတ်လ ၁၇ ရက်တွင် သတိပေးထားသည်။

Ref: TPG

❖ သစ်ပင်သစ်တောစိုက်ပျိုးခြင်းများဖြင့် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက်လျှော့ချနိုင်သဖြင့် ဒေသအသီးသီးရှိ ကျေးရွာအုပ်စုများအလိုက် သစ်တောစိုက်ခင်းများ စိုက်ပျိုးပြီး နိုင်ငံတစ်ဝန်း၌ သစ်ပင်သစ်တောများဖြစ်ထွန်းအောင်မြင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ပြည်သူများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လို . . .

❖ သစ်တောပြုန်းတီးမှုများမရှိစေရေးအတွက်လည်း အမျိုးသားရေးစိတ်ဓာတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# ရန်ကုန်တိုင်းဒေသကြီးတွင် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ငွေကျပ် ၉၆ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၃ တန်ကျော်၊ ကက်တမင်း ၂၀၀ ကီလိုတို့နှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ်လ ၆ ရက်နေ့ ည ၇ နာရီခွဲအချိန် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၄)ရပ်ကွက်၊ ဆင်ဖြူရှင်လမ်း၊ အမှတ်(၅၄၆/၅၄၇)ရှိ ဂိုဒေါင်အား သတင်းအရဝင်ရောက်ရှာဖွေရာ သန်းလွင်၊ ဝေယျာအောင် (ခ)သားကြီး၊ သန့်ကောင်းဆက်(ခ)ပေါင်ချိန်၊ ရဲရင့်နိုင်၊ လှသန်းဦး(ခ)ရာကွတ်တို့ ၅ ဦးအား အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၂ တန်၊ TOYOTA HILUX ယာဉ်(၁)စီး၊ TOYOTA LAND CRUISER ယာဉ်(၁)စီးနှင့် MERCEDES BENZ ယာဉ်(၁)စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များအား "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပန်ဆန်းမြို့တွင်နေထိုင်သူ တင်မောင်ဝင်း၏အစီအမံဖြင့် **စာမျက်နှာ ၂၂ ကော်လံ ၁ ➡**



တရားခံများအား သိမ်းဆည်းရမိသည့်စိတ်ပြောင်းဆေးဝါးများ၊ မော်တော်ယာဉ်များနှင့်အတူတွေ့ရစဉ်။

## အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၁၆၉ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၉ ဦးနှင့် ဂျပန်နိုင်ငံသား ၁ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၄၂ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

စာ - ၂၃ သို့

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

စာ - ၂၄ သို့

# ဝါးအလယ်ကျွန်း သဘာဝအခြေခံအပန်းဖြေစခန်းသို့ ခရီးသွားများ အပန်းဖြေလည်ပတ်လျက်ရှိ

**ရန်ကုန် မတ် ၁၈**

ကော့သောင်းခရိုင်အတွင်းမှ ဝါးအလယ်ကျွန်းသဘာဝအခြေခံအပန်းဖြေစခန်းသည် ကုန်းနေရေနေသယံဇာတကြွယ်ဝပြီး သဘာဝအလှများစွာမပျက်စီးဘဲ တည်ရှိမှုကြောင့် ပြည်တွင်းခရီးသွားများသာမက ပြည်ပခရီးသွားများပါ လာရောက်အပန်းဖြေလှေ့လာကြသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်သည်။ **စာမျက်နှာ ၁၅ ကော်လံ ၃ ●**



Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You

ပစ္စည်းထည့်ပုံးအမျိုးမျိုး

ပစ္စည်းထည့်ပုံးအမျိုးမျိုး

ရေချိုးခန်းသုံးပစ္စည်းများ



ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့၊ ၀၉-၂၀၀၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉